The Agribiz News
www.agribiznews.com.mm
ယနေ့ခေတ် စိုက်ပျိုးမွေးမြူရေး သတင်း
e-Paper-0030
၂၀၂၅ ခုနှစ် မတ် ၁၅ ရက်



# မန္တလေးတိုင်းဒေသကြီး၏ နှမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ကြိုးပမ်း စမုံရေထိန်းတမံနှင့် ရေဂိုတ်ပွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၈

နှမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး အတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် မတ် ၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးရွှေဇင် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မိတ္ထီလာ မြို့နယ်၊ တောမအုပ်စု ဥယျာဉ်ကျေးရွာရှိ မိတ္ထီလာတောင်ကန် ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နှမ်းနှမ်း(ဆင်းရတနာ ၃) ပေါင်ကြီးတင်စနစ်ဖြင့် ဧက ၅၀ စံပြစိုက်ခင်း ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတောင်သူများနှင့် ရင်းနှီးခင်မင်စွာ တွေ့ဆုံ၍ နှမ်းစပါးနှင့် နှမ်းနှမ်း လျာထားဧကပြည့်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေး အတွက် လိုအပ်သည့် မျိုးကောင်း မျိုးသန့်များသုံးစွဲနိုင်ရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ သွင်းအားစုများ အချိန်ကိုက် အချိုးကျသုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေနှင့် ဖြည့်စွက်ရေ အချိန်မီပေးနိုင်ရေးအတွက် ဌာနနှင့်တောင်သူများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များအား ဆွေးနွေးမှာကြားပြီး မျိုးစေ့ချကိရိယာအသုံးပြု၍ နှမ်းနှမ်း လက်တွေ့စိုက်ပျိုးနေမှုကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာစည်မြို့နယ်ရှိ စမုံရေထိန်းတမံ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး သဲထုတ်ရေတံခါး၊ ပင်မရေပိုလွှဲ နှင့် ရေတံခါးတပ်ရေပိုလွှဲများ ပြုပြင်ဆောင်ရွက်နေမှု ၊ ရေဝေရေလဲဒေသအတွင်း သဘာဝဘေး ရေကြီးရေလျှံမှုကြောင့် ကန်ရေမှတ်များ လျင်မြန်စွာ မြင့်တက်လာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်လာသည့် အရေးပေါ်အခြေအနေတွင် ရေကျော်စီးထွက်စေမည့် အလျားပေ ၅၀၀ ရှိ အကူရေပိုလွှဲ (Fuse Plug Spillway)ထည့်သွင်း ဆောင်ရွက်နေမှုနှင့် ရေစစ်သဲခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်မှု ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တမံဖို့မြေ သတ်မှတ်ချက်ပြည့်မီသည့် မြေအမျိုးအစားဖြင့် စနစ်တကျ ဖို့ကြိတ်ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာ စက်မှုဇုန်ရှိ ပုဂ္ဂလိက တိရစ္ဆာန်အစာထုတ်လုပ်ရေးစက်ရုံ ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပြည်တွင်း တိရစ္ဆာန်အစာလိုအပ်ချက်ပြည့်မီစွာ

စာ-၂ သို့

ငါးမှတ်၏သဘာဝနှင့်အသုံးဝင်ပုံ.....
စာ-၈

ကော်ဖီအခြေခံစက်မှုလုပ်ငန်းမြှင့်တင်ရေး.....
စာ-၁၆

မျက်နှာဖုံးမှ-

ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၏ အရေးပါမှု၊ တိရစ္ဆာန်အစာ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်ကို အသုံးပြု၍ စက်ရုံလည်ပတ်နိုင်ရေး စီမံဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကိုတာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်ရှိ စမုံရေငုတ်ပြွန်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊စမုံချောင်းရေလွှဲမြောင်း ဖောက်လုပ်ခြင်းနှင့်စမုံရေထုတ်ပြွန်အောက်ပိုင်းရှိ ရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်အား ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက်ယာယီရေပေးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။



တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးဖြစ်သည့်ယာယီရေတားတမံမှ နွေသီးနှံ ရေပေးဝေမည့် ယာယီရေပေးမြောင်းကို သံဖရိန်၊ သံပြားကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောင်ရွက်ပြီး မတ် ၆ ရက်နေ့မှ စတင်၍ ရေစမ်းသပ် ပေးဝေလျက်ရှိသည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ်၊ ရာသချာကျေးရွာအုပ်စု ကျွဲတပ်ကျေးရွာ တောင်သူ ဦးသန်းထွန်း ၏ ငါးမွေးကန် ၁၃ ကန်ဖြင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ မြစ်သားမြို့နယ် ရွာသစ်ကျေးရွာရှိ ဆောင်းကြက်သွန်နီ(ရွှေဖလား) ဧက ၁၀၀ စံပြကွက် အား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကြက်သွန်နီ ၁ ဧက ပိဿာ ၆၀၀၀ ထွက်ရှိရေး အတွက် ဌာနစိုက်ပျိုးရေး ပညာရှင်များ၏ ကွင်းဆင်း နည်းပညာပေးချက်များကို တောင်သူများ စနစ်တကျလိုက်နာ ကျင့်သုံးကြရေး ဆွေးနွေးမှာကြားပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

MOALI



# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်နိုင်ရေးကွင်းဆင်းစစ်ဆေး

နေပြည်တော်၊ မတ် ၁၀

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် သည် မတ် ၉ ရက်နေ့၊ နေ့လယ်ပိုင်းတွင် တပ်ကုန်းမြို့နယ်၊ ရွှေမြို့မွေးမြူရေးဇုန် နှင့် မွေးမြူရေးဇုန်၏ ရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အတွက် တည်ဆောက်ထားရှိသည့် အလျားပေ ၃၃၀၊ အမြင့် ၃၆ ပေရှိ ရေလှောင်တမံ၏ ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေစုပ်ပန့်ဖြင့် ရေယူသုံးစွဲနေမှု တို့ကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကာကီကင်း ဥစားဘဲဥဖောက်စက်သို့ ရောက်ရှိပြီး ဘဲသားဖောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူသူများထံ မျိုးကောင်း မျိုးသန့်ဘဲသားပေါက်များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီး သည် ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အချိန်မီ ပြီးစီးရေးနှင့် ရေထိန်းတမံ၏ကြံ့ခိုင်မှု အရည်အသွေးပြည့်မီရေး ဂရုပြု ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အရ ရေစတင်သိုလှောင်ထားရှိပြီး နွေစပါး ၇၀ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့ထိ နွေစပါး ၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း နှင့် မိုးသီးနှံရာသီတွင် မိုးစပါး ၅၂၀ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် ကင်းသာကျေးရွာအနီးရှိ ကင်းသာချောင်း ယာယီ ရေလွှဲတန်း ရေသွင်းမြောင်းမှ ဆိုလာရေတင်စနစ်ဖြင့် သီးနှံများ စံပြစိုက်ပျိုးပြီး အခြားတောင်သူများ လိုက်ပါ စိုက်ပျိုးနိုင်ရေး အသိပညာပေး လုပ်ဆောင်နေမှုကိုလည်းကောင်း၊ မုန်ရေထိန်းတမံမှ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံရာသီတွင် နွေစပါး၊ နွေအခြားသီးနှံ လျာထားစိုက်ပျိုးမည့် အခြေအနေများနှင့် မြောင်းအလိုက် ရေလှည့်စနစ်ဖြင့် စိုက်ပျိုးရေ ပေးဝေရန် စီမံဆောင်ရွက် ထားရှိမှု အခြေအနေများအား လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ကန်ကြီးမွေးမြူရေးဇုန်ရှိ ဖန်ဟွ နို့စားနွား မွေးမြူရေးခြံသို့ရောက်ရှိပြီး နို့စားနွား မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက် ပစ္စည်းများ

စာ -၁၅ သို့

# ၂၀၂၅ ခုနှစ် မတ် ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲ ထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့်၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နှစ်ရက်မှ လေးရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တစ်ရက်ခန့်မိုးထစ်ချုန်းနိုင်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

## နွေအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန် ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ချင်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် တို့တွင် ငါးရက်မှ ရှစ်ရက်ခန့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့ ၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့၊ ဆိပ်သာမြို့ ဟင်္သာတမြို့ နှင့် ဖာပွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့ ၊မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့ ၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့်ချောက်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့်ဖောင်းပြင်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မော်လိုက်မြို့၊ ကလေးမြို့၊ မင်းကင်းမြို့၊ ကနီမြို့ နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဖောင်းတူမြို့တွင် ပေဝက်ခန့်နှင့်ပဲခူးမြို့တွင် ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်း မြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီနှင့် ပုသိမ်မြို့တွင် ၂ ပေခန့်၊တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ လက်မခန့်၊ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်နှင့် မဒေါက်မြို့ တွင် ၂ လက်မခန့်၊ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း
တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်
အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)
ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး
(မြ-၀၀၄၁၀)
လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ယခုနှစ်အတွင်း မြန်မာ့ကွမ်းသီး ဝယ်ယူမှု အိန္ဒိယ ပြန်လည်စတင်

"ယခုနှစ်အတွင်း အိန္ဒိယမှ ဝယ်ယူမှုရှိသောကြောင့် ပြည်တွင်းဈေးကွက်တွင် ကွမ်းသီး ရောင်းလိုအား နည်းသွားကြောင်း၊ မြန်မာ့ကွမ်းသီးကို တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူပါကြောင်း၊ အိန္ဒိယ၏ ဝယ်လိုအားမှာ ယမန်နှစ်က နည်းပါးခဲ့သော်လည်း ယခုနှစ်တွင် ပုံမှန်အတိုင်း ပြန်လည် ရောက်ရှိခဲ့သောကြောင့် ပြည်တွင်းဈေးကွက်တွင် ကွမ်းသီး ရောင်းလိုအား နည်းနေကြောင်း" မန္တလေးမြို့ရှိ ကွမ်းသီးဒိုင်မှ မသီရိအောင်က ပြောကြားသည်။

ယခင်နှစ်များက တရုတ်နိုင်ငံမှ ကွမ်းသီးနုများ မှာယူမှု များပြားလာခြင်းကြောင့် ကွမ်းသီး ခြောက် ရှားပါးလာပြီး ဈေးနှုန်းများလည်း မြင့်တက်လာသည်။

ယခင်နှစ်က ကွမ်းသီးနုဈေးနှုန်းမှာ ကွမ်းသီးခြောက်ထက် ပိုမြင့်ခဲ့ပါကြောင်း၊ အဆိုပါ ဈေးနှုန်းမြင့်တက်မှုသည် ကွမ်းသီးခြံပိုင်ရှင်များအား အခြောက်ခံသည့် အဆင့်ထိ မသွားဘဲ ကွမ်းသီးနုအဆင့်မှာသာ ရောင်းချရန် တွန်းအားပေးခဲ့ကြောင်း၊ အကျိုးဆက်အားဖြင့် ကွမ်းသီးခြောက် ရှားပါးလာပြီး ယခုနှစ်တွင် ဈေးနှုန်းမြင့်တက်လာကြောင်း သိရှိရသည်။

အေးအေးခိုင်

https://www.gnlm.com.mm/india-resumes-areca-nut-purchase-from-myanmar-this-year/#article-title



# ၆၅ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၉

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တောင်သူ နည်းပညာဆွေးနွေးပွဲ ကို မတ် ၈ ရက် နံနက်ပိုင်းက ၆၅ ကြိမ်မြောက် ကျင်းပပြုလုပ်ရာ ဆွေးနွေးပွဲတွင် "၂၀၂၄-၂၀၂၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ (မြေပဲ၊နှမ်း၊နေကြာ) စိုက်ပျိုးထုတ်လုပ်မှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်မှုအခြေအနေ၊ ဆီထွက်သီးနှံ များပန်းတိုင်အထွက် ရရှိရေး အတွက် မြေဆီလွှာ အာဟာရ ဓာတ်စီမံခန့်ခွဲခြင်း၊ ဆီထွက်သီးနှံများ အထွက်ရရှိရေး ရေစီမံခန့်ခွဲမှုနည်းစနစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က အွန်လိုင်းမှတက်ရောက်၍ ဆီထွက်သီးနှံ ပန်းတိုင်အထွက် ရရှိစေရေးလိုက်နာသင့်သည်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ နေကြာသီးနှံစိုက်ပျိုးရာတွင် အရင်းအနှီးစိုက်ထုတ်နိုင်သည့် အင်အားရှိသော တောင်သူများကိုသာ ပြည်ပစပ်မျိုးသုံးစေသင့်ကြောင်း၊ အကယ်၍ ရေဆင်း ၁ လိုစပ်မျိုးကို သုံးမည်ဆိုပါက ဌာနခွဲများမှ စနစ်တကျ ထုတ်လုပ်ထားသော မျိုးစေ့ကိုသာ ကြိုတင်မှာယူစိုက်ပျိုးစေလိုကြောင်း၊ ရေဆင်း-၁ စပ်မျိုးကို ပုဂ္ဂလိကကုမ္ပဏီများမှ ဝယ်ယူအသုံးပြုမည်ဆိုပါကလည်း နာမည်ကောင်းရှိသည့် မျိုးစေ့ထုတ်ကုမ္ပဏီများမှ အာမခံစာချုပ်စာတမ်းဖြင့် ဝယ်ယူသုံးစွဲသည့် အလေ့အထကိုကျင့်သုံးကြရန် လိုအပ်ပါကြောင်း၊ နေကြာသီးနှံလျာထားဧရိယာ ပြည့်မီရေးအတွက်မိမိတွေ့ရှိချက် လေ့လာချက်များအရ နေကြာစပ်မျိုးများအပြင် ဆင်းရွှေကြာ ၂ ကို အသုံးပြုရန် တိုက်တွန်းလိုပါကြောင်း၊

တိုင်းဒေသကြီး ပြည်နယ်များတွင် ခရိုင် မြို့နယ်များအလိုက် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်၍ ဆင်းရွှေကြာ-၂ နေကြာမျိုးကို စံပွင့်များရွေးချယ်စိုက်ပျိုးကာ မျိုးစေ့ထုတ်ရန် တိုက်တွန်းလိုပါကြောင်း၊ ဂေဟာစနစ်ကောင်း မကောင်းကို သိရှိနိုင်သော အညွှန်းသီးနှံပင် ဖြစ်သည့် နေကြာသီးနှံသည်ဂေဟာစနစ်ပြန်လည်ကျန်းမာလာစေရန် အထောက်အကူပြုစေသည့် သီးနှံလည်းဖြစ်ပါကြောင်း၊

အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးနေကြာ မျိုးစေ့ထုတ်ပြီး အောက်မြန်မာပြည် နေကြာမျိုးလိုအပ်ချက်ဖြည့်ဆည်းပေးခြင်း ကဲ့သို့သော ဆီထွက်သီးနှံ အောင်မြင်ရေးအတွက် စနစ်ကျသည့် မျိုးစေ့စနစ်ကို ထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆီထွက်သီးနှံ ပန်းတိုင်အထွက် ရရှိရေးအတွက် တောင်သူကြီးများ ၏ သီးနှံဆိုင်ရာ အသိပညာ၊ ဗဟုသုတများကိုလည်း မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်နီလာသန်း က ၂၀၂၄-၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုး ထုတ်လုပ်မှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေါက်တာနီနီတင့် က ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြေဆီလွှာအာဟာရဓာတ်စီမံခန့်ခွဲခြင်း ဆိုင်ရာများကိုလည်းကောင်း၊ ဒေါက်တာ အောင်ကျော်သူက ဆီထွက်သီးနှံများ ပန်းတိုင်အထွက်ရရှိရေး ရေစီမံခန့်ခွဲမှုနည်းစနစ် ဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

၆၅ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ နေပြည်တော် ကောင်စီနယ်မြေအတွင်းမှ စိုက်ပျိုးရေးပညာရှင် ၅၅ ဦးနှင့် တောင်သူ ၄၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ပြည်နယ် အသီးသီးမှ စိုက်ပျိုးရေးပညာရှင်နှင့် တောင်သူ ၁၂၅ ဦး တို့က Zoom point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



MOALI

## ဥတစ်လုံးကြက်သွန်ဖြူများ အရောင်းအဝယ်မြင့်တက်နေ

ဥတစ်လုံးကြက်သွန်ဖြူများ ဝင်ရောက်မှုနည်းပါးချိန်ဖြစ်ပြီး ရောင်းဝယ်ဖောက်ကားမှုမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း၊ ယခုအချိန်၌ အခြားလက်ကားရောင်းဝယ်ရေးစင်တာများတွင် ဥတစ်လုံးကြက်သွန်ဖြူ ဝင်ရောက်မှုမရှိတော့ဘဲ လက်ကျန်ပစ္စည်းအနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ အခြား ကြက်သွန်ဖြူများထက် ဥတစ်လုံးကြက်သွန်ဖြူဥ ပေါက်ဈေးမှာ အမြင့်ဆုံးဖြစ်ကြောင်း၊ ကုန် ပစ္စည်းဝင်ရောက်မှုအကန့်အသတ်ရှိသော်လည်း ဈေးနှုန်းမြင့်မားပြီး အရောင်းအဝယ် အလွန် ကောင်းမွန်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးမှ ဝယ်ယူမှုများရှိပြီး ရန်ကုန်မြို့မှ အဓိကမှာယူကြောင်း တောင်ကြီးမြို့နယ်မှ ကြက်သွန်ဖြူ ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ကြက်သွန်ဖြူအဟောင်း ဝင်ရောက်မှု ပြတ်တောက်ချိန်နီးနေပြီး ကြက်သွန်ဖြူ အသစ်များမှာ မတ်လတွင် စတင်တူးဖော်နိုင်တော့မည် ဖြစ်ကြောင်း၊ ကြက်သွန်ဖြူ မျိုးကွဲများအနက် ဥတစ်လုံး ကြက်သွန်ဖြူ ဥများကို ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုကြပြီး လူသုံးအများဆုံး အသုံး ပြုသည့် စားဖိုဆောင်သီးနှံ



ဖြစ်သဖြင့် ရောင်းဝယ်ဖောက်ကားမှုသည် ကောင်းမွန်ကြောင်း၊ ဥ တစ်လုံး ကြက်သွန်ဖြူနှင့် တစ်ခြား ကြက်သွန်ဖြူ နှစ်မျိုးလုံးအပါအဝင် ကြက်သွန်ဖြူအသစ်များကို သကြံ်န်

စာ-၅ သို့

# မြေယာလုပ်ပိုင်ခွင့် အသုံးပြုခွင့်များအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေစည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်လိုအပ်



နေပြည်တော် မတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့်အတူ မတ် ၉ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင် ကော်ဖီဥယျာဉ် ရှင်းလင်းဆောင်၌ ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန် ကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြင်ဦးလွင်ကော်ဖီစီမံကိန်းဇုန် ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ပါဝင်သော ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက် ထားရှိမှု၊ ကော်ဖီစိုက်ပျိုး လုပ်ကိုင်ခွင့် ရသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ကော်ဖီ စိုက်ပျိုးလုပ်ကိုင်ခွင့် အသစ် ချထားပေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးရန် မြေအသုံးပြုခွင့် တောင်းခံထားသူများအား ခွင့်ပြုရန် လျာထားသည့် နယ်မြေဇုန်အလိုက် စုစည်းခေါ်ယူ တွေ့ဆုံသွားရန်၊ တွေ့ဆုံချိန်တွင် အမှန်တကယ်စိုက်ပျိုးရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ ပြည့်စုံမှုရှိမရှိ တွက်ချက်ရန်၊ တာဝန်ရှိသူများက ကွင်းဆင်းလိုက်လံပြသပြီး သတ်မှတ် စည်းကမ်းချက်များအတိုင်း မှန်မှန်ကန်ကန် စိုက်ပျိုးနိုင်ရန်နှင့် တပါတည်းစာချုပ် ချုပ်ဆို လုပ်ကိုင်ခွင့် ပြုသွားရန်၊ နိုင်ငံပိုင်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ဥပဒေနှင့် လွဲပြောင်းခွင့် လွဲရောင်းခဲ့သူများကို ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အရှိန်မတန့်သွားစေရေး စဉ်းစားပေးပြီး အထူးကိစ္စတစ်ရပ်အဖြစ် ရောင်းခွန်ဝယ်ခွန်များကို ဥပဒေနှင့်အညီ နိုင်ငံတော်သို့ အခွန်ငွေ ပေးသွင်းစေခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် သတ်မှတ်ကာလ ပြည့်သွားပြီဖြစ်ကြောင်း၊ အခွန်ငွေပေးသွင်းရန် ကျန်သူများအနေဖြင့် မိမိတို့ ကြိုတင်ကြေငြာထားပြီးဖြစ်သည့်အတိုင်း တရားစွဲဆိုခြင်း၊ အမည်မည်းစာရင်းသွင်းခြင်းနှင့် လုပ်ပိုင်ခွင့်ရုပ်သိမ်းခြင်းတို့ကို ဧပြီလကုန် အပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ခိုင်လုံသော အကြောင်းပြချက်ဖြင့် လာရောက်ဆက်သွယ်၍ အခွန်ငွေပေးသွင်းလျှင် သတ်မှတ်ဒဏ်ကြေးဖြင့် ခွင့်ပြုပေးနိုင်ရေးအတွက် ကော်မတီသို့ တင်ပြသွားရန် ဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်ဟု ဆိုယုံမျှဖြင့် ဥပဒေက ခွင့်လွှတ်မည် မဟုတ်ကြောင်းကိုလည်း ကော်ဖီစိုက်ပျိုး ထုတ်လုပ်မည့် လုပ်ငန်းရှင်များကို ရှင်းပြပေးရန် လိုကြောင်း၊ ယခုတစ်ကြိမ် စာချုပ်ချုပ်ဆိုပြီးသူများ အနေဖြင့် စည်းကမ်းချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပြီး မိမိတို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်အတွက် လိုအပ်သော အကူအညီများပေးအပ်သွားရန်ဖြစ်ကြောင်း၊

ကော်ဖီစိုက်ခင်းများတွင် ကော်ဖီဆံအစိမ်း (Green Bean) အထိ ထုတ်လုပ်ရန်ဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် သက်ဆိုင်ရာ စက်မှုဇုန်များတွင် စက်မှုဇုန်ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်းကို သေချာစွာရှင်းလင်းပြရန်နှင့် စိုက်ပျိုးခွင့်ရရှိသူများအား ၆ လတစ်ကြိမ် အမှန်တကယ်စိုက်ပျိုး တိုးတက်မှု ရှိ/မရှိကို ကွင်းဆင်းစစ်ဆေး ရမည်ဖြစ်ပြီး ကော်ဖီစိုက်ပျိုးမှုတိုးတက်အောင် လုပ်ဆောင်ခြင်းမပြုဘဲ ဟန်ပြ ဆောင်ရွက်လျှင် လုပ်ကိုင်ခွင့် ရုပ်သိမ်းရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်ကို ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု စံပြဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပြင်ဦးလွင်ကော်ဖီ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ချက်များ၊ ကော်ဖီကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းပေးကြရန် တို့ကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ဝင်များက သိရှိလိုသောအချက်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အသေးစိတ် ရှင်းလင်းညွှန်ကြား ခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

စာ-၄ မှ-

မတိုင်ခင် မတ်လကုန်ခန့်တွင် တူးယူကြမည်ဖြစ်ကြောင်းသူမက ဆက်လက်ပြောကြားသည်။

ဇန်နဝါရီလတွင် ဈေးနှုန်းများမြင့်တက်လာသော်လည်း ဥတစ်လုံးကြက်သွန်ဖြူ အရောင်း အဝယ်မှာမြင့်တက်နေဆဲပင်ဖြစ်ကြောင်း၊ ဥအရွယ်အစားကြီးသော ကြက်သွန်ဖြူဝယ်ယူမှုမှာ ရန်ကုန်မှ အများဆုံးဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာတွင် ပြည်မြို့မှ ဆေးဖက်ဝင်ကြက်သွန်ဖြူ မှာယူမှု မြင့်တက်လာကြောင်း၊ ဥတစ်လုံးကြက်သွန်ဖြူများကို နေပြည်တော်သို့လည်း ပို့ဆောင်လျက်ရှိကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.gnlm.com.mm/single-clove-garlic-trade-still-on-the-rise/#article-title

Agribiz News www.agribiznews.com.mm

# ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယတွင် သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ဈေးနှုန်းများမြင့်တက်



**အိ**န္ဒိယနိုင်ငံတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း သဘာဝရော်ဘာ၊ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများသည် ယခင်နှစ် ကာလတူကထက် မြင့်တက်လာကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း The Hindu Business- line သတင်းဌာနကဖော်ပြသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း Kerala ပြည်နယ်၊ Kottayam ခရိုင်တွင် RSS 4 ရာဘာမှိုင်းခံပြား၏ ပျှမ်းမျှဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၂၀၂ ဒသမ ၀၄ ဖြစ် ပြီး၊ ယခင်နှစ်ကာလတူက ရူပီး ၁၅၁ ဒသမ ၈၈ သာရှိ၍ ၃၃ ဒသမ ၀၃ ရာခိုင်နှုန်း မြင့်တက်လာ ကြောင်း သိရသည်။ လက်ဖက်ခြောက်၊ ကော်ဖီ၊ ဖာလာစေ့ (အသေး) ၏ ဈေးနှုန်းများလည်း အလားတူမြင့်တက်ခဲ့ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Jitin Prasada က လွှတ်တော်အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း Kerala ပြည်နယ်၊ Kochi မြို့တွင် လက်ဖက်ခြောက်၏ ပျှမ်းမျှလေလံဈေးနှုန်းမှာ ၁၈ ဒသမ ၁၇ ရာခိုင်နှုန်း မြင့်တက်ပြီး၊ ဖာလာစေ့ (အသေး) ၏ ပျှမ်းမျှလေလံဈေးနှုန်းမှာ ၄၉ ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူ အခြောက်ခံထားခြင်း မရှိသေး သည့် အာရေဗီကားကော်ဖီသီး၏ ပျှမ်းမျှ (စိုက်ခင်းအရောက်) ဈေးနှုန်း မှာ ၃၂ ဒသမ ၅၄ ရာခိုင်နှုန်း နှင့် ရိုဗက်စတာကော်ဖီသီး၏ ပျှမ်းမျှ (စိုက်ခင်းအရောက်) ဈေးနှုန်း မှာ ၅၅ ဒသမ ၉၉ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် နနွင်းကို အများဆုံး ထုတ်လုပ်တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး၊ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် နနွင်းတန်ချိန် ၁ ဒသမ ၆၂ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၂၂၆ ဒသမ ၅၈ သန်း တင်ပို့ရောင်းချခဲ့ကာ ကမ္ဘာ့နနွင်းတင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဒုတိယဝန်ကြီးမှ ပြော ကြားခဲ့သည်။ အိန္ဒိယမှ တင်ပို့လိုက်သည့် နနွင်းအားလုံး၏ ၉၉ ဒသမ ၉၅ ရာခိုင်နှုန်းကို လက်ခံခွင့် ပြုပြီး၊ ၀ ဒသမ ၀၅ ရာခိုင်နှုန်းခန့်သာ ငြင်းပယ်ခံရတာမျိုးရှိကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်က နနွင်းကို ဟက်တာ ၂ ဒသမ ၉၃ သိန်း စိုက်ပျိုးခဲ့ပြီး၊ တန်ချိန် ၁၀ ဒသမ ၉၃ သိန်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလ အထိကာလအတွင်း Tamil Nadu ပြည်နယ် Erode ခရိုင်နှင့် Telangana ပြည်နယ် Nizamabad ခရိုင်တို့ရှိ အဓိကဈေးကွက်များတွင် နနွင်း ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၁၃၆ ဒသမ ၁၉ နှင့် ရူပီး ၁၂၁ ဒသမ ၃၄ အသီးသီးရှိကြောင်း သိရသည်။ ယခင်နှစ်ကာလတူက နနွင်း ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ရူပီး ၈၃ ဒသမ ၆၀ နှင့် ရူပီး ၈၈ ဒသမ ၄၄ အသီးသီးရှိ၍ Erode ဈေး ကွက်တွင် ၆၂ ဒသမ ၉ ရာခိုင်နှုန်းနှင့် Nizamabad ဈေးကွက်တွင် ၃၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်အစည်းအဝေးတွင် သဘာဝရော်ဘာတင်သွင်းမှုအပေါ် စုပုံရှင်းရောင်းချမှု ကာကွယ်သည့်အခွန် (Anti-dumping duty) လတ်တလော ကောက်ခံခြင်းမရှိသည့် အခြေအနေ၊ ကြက်သွန်နီတောင်သူများအတွက် အစိုးရမှ ကူညီထောက်ပံ့မည့်အစီအစဉ်နှင့် ပင်လယ်ရေညှိ (Seaweed) ထုတ်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်းသည့်မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Govt: Rubber, tea, coffee, cardamom prices up in Apr-Dec 2024-25, February 12, 2025.

# ထိုင်းအုန်းချိုမွှေး တင်ပို့မှု မတ်လလယ်မှ မတ်လနှောင်းပိုင်းအတွင်း ပုံမှန်ပြန်ဖြစ်မည်ဟု ခန့်မှန်းထား

**ထိုင်း**နိုင်ငံ၏ မူရင်းမျိုးဖြစ်သည့် အုန်းချိုမွှေးသည် ချိုမြိန်သောအရည်၊ နူးညံ့ချောမွေ့သော အုန်းဆန်သားနှင့် သင်းပျံ့သောရနံ့ရှိသဖြင့် လူကြိုက်များရေပန်းစားလျက်ရှိသည်။ ထိုင်းနိုင်ငံတွင် အုန်းချိုမွှေးပျိုးပင်များ ပြည်ပတင်ပို့ခြင်းကို တားမြစ်ထားသည်။ အုန်းချိုမွှေး အပင်နုချိန်တွင် ၂၂-၂၆ ရက် တစ်ကြိမ် အသီးသီးပြီး တစ်နှစ်ပတ်လုံး အသီးထွက်လျက်ရှိသည်။

သို့သော်လည်း မကြာသေးမီက ရာသီဥတုအပြောင်းအလဲ သက်ရောက်မှုများကြောင့် ထိုင်းအုန်းချိုမွှေး ရောင်းဝယ်ဖောက်ကားမှုကို ကာလရှည် ကန့်သတ်ထားခဲ့ပါကြောင်း၊ ထိုင်းအုန်းချိုမွှေး တင်ပို့၊ တင်သွင်းသူ CTF Thailand ၏ အကြီးအကဲ Jason က လက်ရှိ ဈေးကွက်အခြေအနေနှင့် ပတ်သက်ပြီး သိသာမြင်သာရှိစေရန် ရှင်းလင်းပြောကြားခဲ့သည်။

၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်များတွင် ထိုင်းနိုင်ငံ၏ အုန်းသီးထွက်ရှိရာဒေသများသည် အယ်လ်နီညို နှင့် လာနီညာ သက်ရောက်မှုကြောင့် အုန်းသီးပြတ်လပ်မှုကို ဆိုးရွားစွာ ကြုံတွေ့ခဲ့ရသည်။ အဆိုပါ အကျိုးသက်ရောက်မှုများကြောင့် ရောင်းလိုအားကို ဆက်လက် ထိခိုက်စေပါသည်။ ပုံမှန်အားဖြင့် အောက်တိုဘာမှ ဇန်နဝါရီအထိ အုန်းသီးထွက်ရှိမှု ကျဆင်းပြီး ဈေးနှုန်းများသည်လည်း အနိမ့်ဆုံး ဖြစ်နေလျက်ရှိသည်။ သို့သော်လည်း ယခုရာသီတွင် အုန်းသီး ထွက်ရှိမှုမှာ နည်းပါးနေသေးပြီး စိုက်ခင်း ပေါက်ဈေးများမှာလည်း ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက နှစ်ဆ ပိုများကြောင်း Jason မှ ရှင်းပြသည်။



ဈေးကွက်ဈေးနှုန်းများ မြင့်တက်လာသော်လည်း စိုက်ခင်းပေါက်ဈေးများကဲ့သို့ သိသိသာသာ မြင့်တက်ခြင်း မရှိပေ။ ယခုကာလပေါက်ဈေးသည် ယခင်နှစ်များထက် ၄၀-၅၀ ရာခိုင်နှုန်း ပိုများပါသည်။ တရုတ်နိုင်ငံတွင် အုန်းချိုမွှေး ၉ လုံးပါသော ဂျပ်ဖာတစ်ပုံးလျှင် ၉၀ - ၉၅ ယွမ်ခန့်ဖြင့် ရောင်းချသည်။ ထို့အပြင် တရုတ်နိုင်ငံရှိ ဒေသအသီးသီးတွင် အပူချိန်နိမ့်ကျမှုကြောင့် အုန်းသီးစားသုံးမှု အမြင့်ဆုံးရာသီကို နှောင့်နှေးစေခဲ့ပြီး၊ ဈေးနှုန်းများ မြင့်တက်ခြင်းကြောင့် အရောင်းမသွက်ဘဲ အေးနေခဲ့သည်။

ရာသီဥတုအခြေအနေ တည်ငြိမ်လာသည်နှင့်အမျှ အုန်းသီးထွက်ရှိမှုမှာ မတ်လလယ်မှ မတ်လနှောင်းပိုင်းလောက်တွင် ပုံမှန်ပြန်ဖြစ်လာမည်ဟု မျှော်လင့်ထားပြီး ရောင်းလိုအား သိသိသာသာတိုးလာမည်ဟု မျှော်လင့်ပါကြောင်း၊ထို့အပြင် ယခင်နှစ် ဧပြီလမှ ဇွန်လအထိ ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းအတက်အကျများသည့် အခြေအနေကဲ့သို့ ဖြစ်နိုင်မည်ဟု မမျှော်မှန်းထားကြောင်း၊ ပြီးခဲ့သည့်နှစ်က ဈေးကွက်ပြတ်လပ်မှုကြောင့်သာ ထိုင်းအုန်းချိုမွှေး ဈေးနှုန်းသည် သမိုင်းတစ်လျှောက် မြင့်မားသော အဆင့်သို့ တွန်းပို့ခဲ့သော်လည်း ယခုနှစ် ဈေးကွက်

စာ-၇ သို့

# တရုတ် စိုက်ပျိုးရေးပို့ကုန်များမှတစ်ဆင့် ကျေးလက်အငွေ့အသက်ကို ကမ္ဘာအနှံ့သယ်ဆောင်

**တ**ရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ကုန်းတွင်းပိတ်ပြည်နယ် Guizhou ၏ ဝေးလံခေါင်သီသော တောင်တန်းများတွင် နေထိုင်သော ဒေသခံများသည် စိုက်ပျိုးရေးထွက်ကုန်များကို ကမ္ဘာ့ လူသုံးကုန်ပစ္စည်းအဖြစ် ပြောင်းလဲကာ ကျေးလက်စီးပွားရေးနယ်ပယ်အသစ်ကို တည်ထောင်ကြသည်။

Sinan County တွင်ရှိသော ကျေးလက်အစားအစာ စက်ရုံတစ်ခုသည် ငယ်ရွယ်သူများကြား ရေပန်းစားလျက်ရှိသော အသင့်စား အစားအစာဖြစ်သည့် ကန်စွန်းဥခေါက်ဆွဲ (အစပ်)ကို နေ့စဉ် ဗူးပေါင်း ၁၀၀,၀၀၀ ကျော် ထုတ်လုပ်လျက်ရှိသည်။

ယမန်နှစ်က Alibaba နှင့် JD.com တို့ကဲ့သို့ နယ်စပ်ဖြတ်ကျော် e-commerce platforms များ၏ ကျေးဇူးဖြင့် ထုတ်ကုန်အများအပြားကို ဆော်ဒီအာရေဗျအပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့သည်။



Zhang မှ ကုမ္ပဏီသည် ၎င်း၏ ပြည်ပရောင်းအားကို ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ သန်းအထိ နှစ်ဆတိုးရန် ရည်မှန်းထားပြီး၊ အစာပြေစာသုံးရန် သင့်တော်သည့် တရုတ် အသင့်စား ခေါက်ဆွဲခြောက်များသည် ကိုရီးယားသမ္မတနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဈေးကွက်များအတွက် ရည်မှန်းထုတ်လုပ်ထားသည်။

၂၀၂၃ ခုနှစ်တွင် Sinan သည် ကျေးလက်နိုင်ငံခြားကုန်သွယ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည့် Guizhou ၏ ပထမဆုံး ရှေ့ပြေးခရိုင်တစ်ခုဖြစ်လာခဲ့သည်။ လက်ဖက်ခြောက်နှင့် ကန်စွန်းဥခေါက်ဆွဲ ကဲ့သို့သော ထုတ်ကုန်များကို ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဥရောပ နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပြီး ယွမ် သန်း ၂၀၀ (အမေရိကန်ဒေါ်လာ ၂၈သန်းခန့်) အထိ မြင့်တက်လာခဲ့ကြောင်း အစိုးရပိုင်းဆိုင်ရာမှ ဖော်ပြထားသော ကိန်းဂဏန်းများအရ သိရှိရသည်။

Guizhou သည် ၂၀၂၅ ခုနှစ် တွင် ကျေးလက်ပို့ကုန်လုပ်ငန်းများတွင် လုပ်ငန်းပေါင်း ၅၀၀ ရှိရန် ရည်မှန်းထားပြီးအဆိုပါကဏ္ဍအတွင်း နှစ်စဉ်ပို့ကုန်ဝင်ငွေသို့ ယွမ်ငွေ ၅ ဘီလီယံ ထည့်ဝင်ရန် ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနနှင့် အခြားဌာနများမှ ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစိုးရ အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့သည်။

အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ယမန်နှစ်က Guizhou ပြည်နယ်မှ မက်မန်းချိုသီးနှင့် gastrodia အဖျော်ယမကာ အပါအဝင် စိုက်ပျိုးရေးထွက်ကုန်အများအပြားကို ပထမဆုံး အကြိမ် တင်ပို့ခဲ့ကြောင်းသိရသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးကုန်သွယ်မှုမြှင့်တင်ရေးစင်တာ၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၃ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://english.news.cn/20250219/b9de81d813964

စာ- ၆ မှ

အခြေ အနေသည် ပိုမိုတည်ငြိမ်မည်ဟု မျှော်လင့်ကြောင်း Jason က ပြောကြားသည်။

မကြာသေးမီက ရောင်းလိုအားစိန်ခေါ်မှုများရှိနေသော်လည်း ထိုင်းအုန်းချိုမွှေး ဝယ်လိုအား ကောင်းနေပြီး ပို့ကုန်ပမာဏသည်လည်း တဖြည်းဖြည်း မြင့်တက်လာသည်။ အုန်းသီး၏ အသုံးဝင်မှုမှာ ပုံစံအမျိုးမျိုးဖြင့် ရှိနေပါသည်။ အုန်းရည်သည် အားကစားသမားများနှင့် ကျန်းမာရေးကို ဂရုစိုက်သော စားသုံးသူများ နှစ်သက်သည့် သဘာဝ အီလက်ထရိုလိုက်ဓာတ် ကြွယ်ဝသော ဖျော်ရည်ဖြစ်ပြီး အုန်းသီးကို အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းများ တွင် တွင်ကျယ်စွာ အသုံးပြုနေကြောင်း၊ ဤအချက်များသည် ထိုင်းအုန်းချိုမွှေး၏ ဈေးကွက် အလား အလာကို ရေရှည် အထောက်အကူ ဖြစ်စေကြောင်းနှင့် ထိုင်းနိုင်ငံတွင် အုန်းချိုမွှေးခြံများကို စဉ်ဆက်မပြတ် တိုးချဲ့နေကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.freshplaza.com/north-america/article/9708116/thai-fragrant-coconut-supply-is-expected-to-normalize-by-mid-to-late-march/

# ကမ္ဘာ့အခြေအနေ ပြောင်းလဲမှုများကြားတွင် အိန္ဒိယနှင့် EU ဆက်ဆံရေး ခိုင်မာစေရန် ကြိုးပမ်း

**အိ**န္ဒိယနိုင်ငံသည် ဥရောပသမဂ္ဂ (EU) နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးများကို ခိုင်မာစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula von der Leyen ဦးဆောင်သော EU အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယခုလ ၂၇ ရက် (ကြာသပတေးနေ့) တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး၊ အဆိုပါ နှစ်ရက်ကြာ ခရီးစဉ်သည် ကမ္ဘာ့အခြေအနေများ ပြောင်းလဲလာသည်နှင့်အမျှ အိန္ဒိယနှင့် EU တို့အကြားရှိ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ခိုင်မာစေရန်အတွက် သိသာထင်ရှားသော တွန်းအားတစ်ခုဖြစ်စေကြောင်း သိရသည်။

စီးပွားရေးဆက်ဆံရေးများ ပြန်လည်ရှင်သန်ရေးအတွက် စိတ်ဝင်စားမှု မြင့်တက်နေချိန်တွင် ယခုခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ EU သည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးပဋိပက္ခများ တိုးပွားလာနေချိန်တွင် အိန္ဒိယနှင့် ဆက်ဆံရေးကို ခိုင်မာစေလိုကြောင်း ထင်ရှားသည်။ အိန္ဒိယနှင့် EU ထိပ်တန်းခေါင်းဆောင်များသည် ဖေဖော်ဝါရီ ၂၈ ရက် (သောကြာနေ့) တွင် ပြီးခဲ့သည့် ၁၇ နှစ်တာကာလအတွင်း ရည်မှန်းချက်ကြီးသော ကုန်သွယ်ရေးသဘောတူညီချက်ကို အပြီးသတ်ရေး အတွက် တွန်းအားပေးရန်မျှော်လင့်ရကြောင်း သိရသည်။



"ပဋိပက္ခများနှင့် ပြင်းထန်သော ယှဉ်ပြိုင်မှုများရှိသည့်ခေတ်တွင် ယုံကြည်ရသော မိတ်ဆွေ များ လိုအပ်ပါတယ်။ ဥရောပအတွက် အိန္ဒိယသည် ထိုသို့သော မိတ်ဆွေတစ်ဦးဖြစ်ပြီး မဟာဗျူဟာ မဟာမိတ်နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။" ဟု Von der Leyen က ပြောကြားခဲ့သည်။

EU သည် လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ ကုန်စည်များအတွက် အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၅ ဘီလီယံအထိ ရှိခဲ့ပြီး ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ၉၀

စာ-၉ သို့

# ငါးမုတ်ငါး၏ သဘာဝနှင့်အသုံးဝင်ပုံ




မြန်မာနိုင်ငံရှိ အရသာကောင်းသော ရေငန်ငါးများတွင် ငါးမုတ်ဖြူနှင့် ငါးမုတ်မဲလည်း ပါဝင်သည်။ ငါးမုတ်ကို ရခိုင်ကမ်းခြေနှင့် တနင်္သာရီကမ်းခြေတို့၌ အများအပြားဖမ်းဆီးရမိသည်။ ငါးမုတ်သည် မျိုးရင်း Stromateidae အုပ်စုတွင်ပါဝင်ပြီး မျိုးစိတ်အားဖြင့် ၂၀ ခန့်ရှိရာ ငါးမုတ်ဖြူ (သို့) ငွေရောင် ငါးမုတ် Pampus argentenus နှင့် Parastromateus niger ငါးမုတ်မဲ နှစ်မျိုးစလုံးသည် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတမ်းဒေသတို့တွင် အများဆုံးတွေ့ရှိရသည်။ ငါးမုတ်မျိုးသည် အရွယ်ငယ်ပြီးကိုယ်ခန္ဓာပြားသောငါးမျိုးဖြစ်သည်။

ငါးမုတ်ကို အင်ဒိုအနောက်ပစိဖိတ်ဒေသ ပါရှန်းပင်လယ်ကွေ့မှ အင်ဒိုနီးရှားထိ၊ ဂျပန်နိုင်ငံ ဟိုကိုင်းဒိုး ဒေသထိ ပြန့်နှံ့တွေ့ရှိရသည်။ ငါးမုတ်ငါးမျိုးများတွင် အထီးများမှာ အမထက် ဦးစွာအရွယ်ရောက်ကြ၍ အရွယ်အစားအားဖြင့် အရွယ်ရောက်မှုမှာ ၂၂-၂၆ စင်တီမီတာခန့်နှင့် အမများမှာ ၁၈-၂၅ စင်တီမီတာ ရှိတတ်သည်။ ငါးမုတ်ကို အမြင့်ဆုံးအလျားမှာ ၆၀ စင်တီမီတာ အထိတွေ့ရသည်။ အများဆုံးတွေ့ရှိရသည့် ငါးမုတ်များ၏အရွယ်အစားမှာ ၃၀ စင်တီမီတာခန့်ဖြစ်သည်။သက်တမ်းမှာ ၇ နှစ်ခန့်ထိရှိပြီး ခန္ဓာကိုယ်ပြား၍ လုံးဝန်းသည်။ အပေါ်အောက်အချိုးညီစွာ ခုံးလျက်ပုံသဏ္ဌာန်ရှိသည်။ ခန္ဓာကိုယ်၏ အပေါ်ဖက်ပိုင်းတွင် မီးခိုးရောင်သမ်းနေပြီး တဖြည်းဖြည်း အောက်ဖက်တွင်ငွေရောင်သန်းကာ ဝမ်းဗိုက်ဖက်တွင် အဖြူရောင်ဖြစ်သည်။

ငါးမုတ်များကို ရေချိုရေငန်စပ်ရှိရာ ကမ်းနီးဒေသ ရွှံ့နွံပေါသည့် နေရာမျိုးတွင်အုပ်စုလိုက်တွေ့ရလေ့ရှိသည်။ အရွယ်ရောက်ပြီး ငါးမုတ်များသည် အကောင်မျှောလေးများ၊ ရေခူငယ်များ စသည်တို့ကို စားသုံးကြပြီး နွေဦးပေါက်ရာသီ ဧပြီ၊ မေလများတွင်မိတ်လိုက်ကြသည်။ သားပေါက်ရာသီမှာ ဧပြီမှ စက်တင်ဘာလအထိဖြစ်ပြီး မေ၊ ဇွန်၊ ဇူလိုင်လများသည် သားပေါက်အကောင်းဆုံးလများဖြစ်သည်။အမတစ်ကောင်လျှင် ပျမ်းမျှ ဥအလုံးရေ ၅၀၀၀၀ မှ ၁၀၀၀၀၀ ခန့်ထိ ဥချလေ့ရှိသည်။ ငါးမုတ်ငါးမျိုး၏ ဥအလေးချိန် ၁ ဂရမ်တွင် ဥအလုံးရေ ၃၅၀ ခန့်ထိရှိသည်ကို တွေ့ရှိရသည်။

သားပေါက်သည့်ရာသီတွင် ရေအပူချိန်မှာ ပျမ်းမျှ ၂၈-၃၀ ဒီဂရီစင်တီဂရိတ်ရှိပြီး၊ ရေအငန်နှုန်းမှာ ၃၀-၃၅ ပီပီတီ ရှိသည်။ ငါးမုတ်ဖြူသည် ဈေးကောင်းရသည့် တန်ဖိုးကြီးငါး Table Fish ဖြစ်သဖြင့် အလွန်အကျွံဖမ်းဆီးခြင်းများ၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ဂေဟဗေဒစနစ်များ ပျက်စီးယိုယွင်းလာခြင်းများတို့ကြောင့် ဖမ်းဆီးရရှိမှု လျော့နည်းကျဆင်းလာနိုင်သည်။

## ငါးမုတ်ဖြူငါး

ငါးမုတ်ဖြူသည် ငါးမုတ်မဲထက် အရသာပိုမိုကောင်းမွန်သောငါးဖြစ်၏။ ရခိုင်ဒေသတွင် ငါးယုဇနဟူ၍ လည်းကောင်း၊ တနင်္သာရီတိုင်းတွင် ငါးမုတ်ဟူ၍လည်းကောင်း ခေါ် ဆိုကြသည်။ ငါးမုတ်ဖြူကို အင်္ဂလိပ်အမည်အားဖြင့် "White Pomfret" ခေါ် "Silver Pomfret" ဟုခေါ်ဆိုကြပါသည်။ ကိုယ်အလွန်ပြား၍ ကျယ်ပြန့်၏။ အမြီးခွ စောက်နက်၏။ အရောင်မှာ အဖြူဖြစ်သော်လည်းကျောတစ်လျှောက်တွင် မွဲပြာရောင်သန်းနေ၏။

ငါးမုတ်ဖြူငါးသည် ကမ်းနီးတွင် ကျက်စားနေနိုင်သော ငါးမျိုးဖြစ်သည်။ ရွှံ့နွံထူသော ပင်လယ်ကြမ်းပြင်တွင် အုပ်စုလိုက်နေထိုင်ပါသည်။ အကောင်မျှောလေးများကို စားသောက်လေ့ရှိပြီး အရေးပါသော ဈေးကွက်ဝင်ငါးမျိုးစုဖြစ်သည်။ ဒေသတွင်းဈေးကွက်တွင် လတ်လတ်ဆတ်ဆတ်ရောင်းချခြင်းဖြင့် စီးပွားရေးအရ အရေးပါသည်။ ဖမ်းယူရရှိနိုင်သော ငါးဖမ်းကိရိယာမှာ အောက်ခြေတွင်အသုံးပြုသော ဒရွတ်ဆွဲပိုက်ဖြစ်ပါသည်။ ငါးမုတ်ဖြူ၏ ကိုယ်ထည်သည် ခိုင်မာသည့်ပုံစံဖြစ်ပြီး ဘေးတိုက်အလွန်ပြားပြီး ဘဲဥပုံစံရှိပါသည်။

ငါးမုတ်ဖြူငါးသည် ပါးဟက်မရှိပါ။ ဆုတ်ယုတ်နေသော ပါးဟက်ဖုံးရှိပြီး ပါးဟက်အက်ကွဲကြောင်းသည် ကိုယ်ထည်ဘေးဘက်တွင်ရှိပါသည်။ ပါးဟက်အဖုံးသည် ဘေးဖက်တွင်ရှိပြီး မြင့်မားသောကိုယ်ထည်နှင့်ဆက်သွားပါသည်။ ကျောရေယက်နှင့် အမြီးရေယက်သည် အနည်းငယ်ရှေ့နောက်ရောက်နေပါသည်။အမြီးရေယက်သည် ခရင်းခွပုံစံ ထင်ရှားစွာရှိနေပါသည်။အမြီး၏ အောက်အဝိုက်သည် အပေါ် အဝိုက်ထက် အနည်းငယ်ပိုကြီးပါသည်။

ကျောဖက်အရောင်သည် မီးခိုးရောင်ရှိပြီး ဝမ်းဖက်သည် ငွေရောင်ဖြစ်သည်။ အဖြူရောင် အစက်သေးများသည် ကိုယ်ပေါ်တွင် ပါရှိသည်။ ရေယက်များသည် အဝါရောင်ဖျော့ဖျော့ ပါရှိသည်။ အများဆုံးကိုယ်ထည်အရှည်သည် ၆၀ စင်တီမီတာတွေ့ရပြီး အများဆုံးတွေ့ရသောအလျားသည် ၃၀ စင်တီမီတာဖြစ်သည်။ ငါးမုတ်ဖြူကို လတ်ဆတ်စွာကြော်စားခြင်း၊ ချက်စားခြင်းဖြင့် ပရိုတင်းဓာတ်ပြည့်ဝစွာရရှိပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေပါသည်။

## ငါးမုတ်မဲငါး

ငါးမုတ်မဲကို တနင်္သာရီတိုင်းတွင် ငါးမုတ်ဖြူဟူ၍ပင်ခေါ်ဆိုသည်။ ရခိုင်တွင်မူ ယုဇနသမ္ဘူဟူ၍ ခေါ်ကြသည်။ ငါးမုတ်မဲကို အင်္ဂလိပ်လို “”Black Pomfret” ခေါ် “Indian Buttrefish”ဟု ခေါ်ဆိုကြပြီးငါးမုတ်ဖြူနှင့် အသွင်ချင်းတူပြီး အရောင်သာလျှင် ကွဲပြား လေသည်။ ငါးမုတ်မဲ၏ အရောင်မှာ အညိုရင့်ရောင်သို့မဟုတ် မွဲပြာရင့်ရောင် ဖြစ်သည်။ ဆူးတောင်များ၏ အရောင်မှာ အညိုရောင်ဖြစ်သည်။ အမြီး၏ အရောင်သည် ဝါ၍ အညိုရောင် ကန့်လန့်စင်း ၃ ကြောင်း ရှိသည်။ ငါးမုတ်မဲသည် ငါးမုတ်ဖြူကဲ့သို့ အရသာကောင်းမွန်ခြင်း မရှိချေ။

ငါးမုတ်မဲကို ရေငန်နှင့် ရေချို ရေငန်စပ်နေရာများတွင် တွေ့ရှိရပါသည်။မြန်မာနိုင်ငံအပါအဝင် အင်ဒိုပစိဖိတ်ဒေသနှင့် ဂျပန်နိုင်ငံမြောက်ပိုင်းဒေသတို့တွင်လည်း တွေ့ရှိနိုင်ပါသည်။ ရာသီအလိုက်တွေ့ရှိရပြီး မြစ်ဝကျယ်များတွင်လည်း ဝင်ရောက်သွားလာနေထိုင်ပါသည်။ငါးမုတ်ဖြူကဲ့သို့ ငါးမုတ်မဲ၏ နေထိုင်မှု အလေ့အထနှင့် စားသောက်မှုပုံစံ ဆင်တူပါသည်။အကြီးမားဆုံးသော အရွယ်အစားမှာ ၄၀ စင်တီမီတာရှိပြီး အများဆုံးအရွယ်အစားမှာ ၂၀ စင်တီမီတာ ဖြစ်ပါသည်။ ကိုယ်ထည်ကို cycloid အရွယ်အစား အရွယ်သေးသေးဖြင့်ဖုံးထားပါသည်။ အာရုံခံနိုင်သော ဘေးဘက်မျဉ်းသည် မြင့်မားသည့်ပုံစံဖြစ်ပါသည်။ ငါးမုတ်ဖြူနှင့် ငါးမုတ် မဲသည် ဈေးကွက်ဝင် ငါးအမျိုးအစားတွင် ပါဝင်ပါသည်။



## ငါးမုတ်စားဖွယ်စုံ

ငါးမုတ်ကို အကြွပ်ကြော်စားခြင်း၊ အချိုပေါင်းစားခြင်း၊တန်ပူရာကြော်၊ ငါးမုတ်ပဲငါးပိကြော်၊ ငါးမုတ်သောက်ဆမ်း၊ ငါးမုတ် သံပုရာပေါင်း၊ ငါးမုတ်အချဥ်ဆီပြန်၊ ငါးမုတ်ကြွပ်တိုက်၊ဘာဘီကျူး စသည့် ပုံစံမျိုးစုံဖြင့် စားသုံးကြပြီး ငါးမုတ်ဖြူသည် ထောပတ်ရနံ့သင်း၍ နူးညံ့သောအသားရှိသဖြင့် လူအများပိုမို ကြိုက်နှစ်သက်ကြသည်။ ငါးမုတ်ငါးမျိုးသည်လည်း အာဟာရဓာတ်နှင့် သတ္တုဓာတ်များစွာပါဝင်သည့်အပြင် အိုမီဂါ -၃ နှင့် ဗီတာမင်-ဒီ များစွာပါဝင်သောကြောင့် နှလုံးရောဂါနှင့် သိုင်းရွိုက်ဂရင်း ရောဂါ ဖြစ်ပွားနိုင်ချေကို လျော့ချပေး၍ ကျန်းမာရေးအတွက် အထူးပင်ကောင်းမွန်သော အရသာရှိသည့် လူကြိုက်များသော ပင်လယ်စာ ငါးတစ်မျိုးဖြစ်၍ စီးပွားရေးအရအရေးပါသော တန်ဖိုးမြင့်ငါးဖြစ်သည်။

ငါးမုတ်ငါးမှာ အလယ်ရိုးတစ်ရိုးသာပါပြီး ကြော်စားပါက ကြွပ်ကြွပ်ရွရွလေးနှင့် အရမ်းအရသာရှိသော ငါးတစ်မျိုးဖြစ်သည်။ အသားများပြီးနူးညံ့မှုရှိသည်။ အကြေးခွံသေးသေးလေး အနည်းငယ်သာပါရှိကြပြီး အရိုးနည်းသဖြင့် အရိုးစူးမှာလည်း မပူရပေ။

စာ-ဇ သို့

စာ-၈ မှ

## ငါးမုတ်ငါးနှင့် ကျန်းမာရေး

အိုမီဂါ-၃ သည် ပင်လယ်ငါးဖြစ်သော ငါးမုတ်များတွင် ပါရှိသော ဖက်တီး အက်ဆစ်(fatty acid) တစ်မျိုး ဖြစ်သည်။အိုမီဂါ-၃ သည် နှလုံး ၊ ဦးနှောက်နှင့် ကြွက်သားများကို ကျန်းမာစေသည်။ နှစ်ပေါင်းများစွာကတည်းက သိပ္ပံပညာရှင်များက အိုမီဂါ-၃ သည် လူသားတို့၏ကျန်းမာရေးကို အထောက်အကူပြုကြောင်း သိ ရှိ လေ့ လာ ဖော် ထု တ် ခဲ့ ပြီး ဖြစ်သည်။

အိုမီဂါဓာတ်သည် လူ့ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ဖက်တီးအက်ဆစ် ဖြစ်သည်။ လူ့ခန္ဓာကိုယ်မှ ဤအိုမီဂါဓာတ်ကို မထုတ်လုပ်နိုင်ဘဲ စားသောက်သော အစားအစာများမှသာရရှိနိုင်ပါသည်။ ပင်လယ်ငါးဖြစ်သော ငါးမုတ်မှ ရရှိသော eicosapentaenoic acid ( EPA )၊ docosahexaenoic acid ( DHA )နှင့် အပင်များမှ ရရှိသော alpha-linolenic acid ( ALA ) ဓာတ်များသည် လူသားများအတွက် အလွန်အရေးပါသော ဓာတ်များဖြစ်ကြ၏။ ၎င်းဖက်တီးအက်ဆစ်တို့သည် လူ့ကိုယ်ခန္ဓာရှိဆဲလ်များ၏ ပတ်ပတ်လည်တွင် ရှိသော အမြှေးပါးကို ဖြစ်တည်စေသည်။ ထိုအမြှေးပါးများက ဆဲလ်များထဲသို့ မည်သည့်အရာမဆို ဝင်ရောက်ခြင်း၊ ထွက်သွားခြင်း၊ ဆဲလ်တစ်ခုနှင့် တစ်ခု ဆက်သွယ်ခြင်းတို့ကို ထိန်းချုပ်ပေးပါသည်။ အိုမီဂါ-၃ ကြွယ်ဝနေသော ဆဲလ်များသည် အရည်ဓာတ်ပိုများပြီး မှန်ကန်စွာအလုပ်လုပ်နိုင်စွမ်းပိုရှိသည်။

ထို့အပြင် အိုမီဂါ-၃ ဖက်တီးအက်ဆစ် သည် eicosanoid ဟုခေါ်သည့် ဟိုမုန်းများ ထုတ်လုပ်ခြင်းကို သင့်လျော်အောင် ထိန်းညှိပေးပါသည်။ အိုမီဂါ-၃ သည် ရောင်ကိုင်းခြင်း၊ သွေး ကြော ပိ တ် ဆို့ ခြ င်း တို့ ကို လျော့ကျစေပါသည်။ သိပ္ပံပညာရှင်များက အိုမီဂါ-၃ သည် နှလုံးရောဂါအတွက် များစွာ အရေးပါလိုအပ်ကြောင်း လေ့လာသိရှိခဲ့ကြပါသည်။ အိုမီဂါ-၃ သည် သွေးကြောများထဲတွင် သွေးကြောပိတ်ဆို့မှုကို လျော့နည်းစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေပါသည်။ အကယ်၍ heart attack ဖြစ်ခဲ့လျှင်တောင်မှ သေစေနိုင်ခြင်းကို နည်းပါးစေပါသည်။ အိုမီဂါ-၃ သည် နှလုံးသွေးကြောများထဲတွင် သွေးကြောပိတ်ဆို့ မှုကို ဖြစ်စေသည့် အဆီဖြစ်စေခြင်းကို လျော့ကျစေပြီး မူမမှန်သော နှလုံးခုန်နှုန်းကို လျော့ကျစေပါသည်။ ထို့အပြင် မြင့်နေသော သွေးပေါင်ချိန်ကိုလည်း လျော့ကျစေပါသည်။

ထို့အပြင် အိုမီဂါ-၃ သည် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်းရောဂါများကို သက်သာစေပါသည်။ နို့စို့ကလေးငယ်များအတွက်DHA ဓာတ် အရင်းအမြစ်ဖြစ်သည့် မိခင်နို့ရည်မှလွဲ၍ ဦးနှောက်ကို ဖွံ့ဖြိုးစေသည့်ဓာတ်မှာ အိုမီဂါ-၃ ပဲဖြစ်ပါသည်။



အခြားလေ့လာ စမ်းသပ်မှုများအရ အိုမီဂါ-၃ သည် စိတ်ကျခြင်း depression မျိုးနှင့် disorder များကို လျော့ န ည်း သ က် သာ စေ ပြီး ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသော ဓာတ်မျိုးဖြစ်ပါသည်။ ကြွက်သားများ နွမ်းနယ် ညောင်းညာခြင်းကို သက်သာလျော့ပါးစေသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ကြပါသည်။

ရှေးဦးလေ့လာ စမ်းသပ်မှုများအရ အစားအစာထဲတွင် အိုမီဂါ-၃ ဓာတ်ကြွယ်ဝနေခြင်းသည် အင်္ဂါအစားထိုးကုသခံရသည့် လူနာများအတွက် အထောက်အကူပြုစေပြီး ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ ရောဂါများ ဖြစ်ပွားမှုကို နည်းပါးစေပါသည်။ လက်ရှိကာလတွင် စမ်းသပ်လေ့လာနေဆဲဖြစ်ပြီး အကျိုးသက်ရောက်မှု ကောင်းစေသည်ဟု ယူဆရသော ရောဂါများမှာ ရင်ကြပ်ရောဂါ၊ စိတ်ကျခြင်း၊ အမျိုးသမီးများ ရာသီလာနေစဉ် ကိုက်ခဲခြင်း၊ နှင်းခူ၊ အတက်ရောဂါ၊ လေဖြတ်ခြင်းနှင့် အူမကြီးတွင် အနာဖြစ်ခြင်း စသည့်ရောဂါများကို ဘ ယ် လော က် အ တို င်း အ တာ ထိ အ ကျိုး သ က် ရော က် မှု ကော င်း စေ မည်ဆိုတာကို ရှာဖွေလေ့လာနေဆဲဖြစ်ပါသည်။

ကျွမ်းကျင်သူ ပညာရှင်များက ယောကျ်ားတစ်ဦးလျှင် EPA နှင့် DHA တစ်နေ့လျှင် ၆၁၀ မီလီဂရမ် စားသုံးသင့်ပြီး အမျိုးသမီး တစ်ဦးလျှင် ၄၃၀ မီလီဂရမ် စားသုံးသင့်သည်ဟု ဆိုပါသည်။ ထိုပမာဏများသည် ဖက်တီးအက်ဆစ် ကြွယ်ဝနေသောငါးများဖြစ်သည့် ဆယ်မွန်၊ ငါးသလောက်အုပ်စုဝင်ငါး၊ ငါးကွမ်းရှပ်၊ ဆာဒင်း (ငါးသေတ္တာငါး)၊ငါးမုတ်ငါး နှင့် ငါးနီတူ ငါးများကို တစ်ပတ်လျှင် ၂ ကြိမ် စားသုံးခြင်းဖြင့် ရရှိသောပမာဏနှင့် ညီပါသည်။

နှလုံးရောဂါရှင်များသည် ငါးမုတ်အပါအဝင် ပင်လယ်ငါးမှ ရရှိသော အိုမီဂါ-၃ ဓာတ် ပိုမို လိုအပ်ပါသည်။ နှလုံးရောဂါရှင်များသည် တစ်နေ့လျှင် အိုမီဂါ-၃ ဓာတ် ၁ ဂရမ် ပါရှိသော တစ်တောင့် နေ့စဉ်ပုံမှန် စားသုံးခြင်းဖြင့် နှလုံးရောဂါဖြင့် သေဆုံးခြင်းမှ ၂၅ ရာခိုင်နှုန်း လျော့နည်းနိုင်စေသည်ဟု လေ့လာမှုတစ်ခုက ဆိုသည်။

ဆာဒင်း၊ဆယ်မွန်၊မက်ကရယ်၊ ငါးသလောက်အုပ်စုဝင်ငါးတို့ကဲ့သို့သော ပင်လယ်ငါးများ စားသုံးခြင်းမှ EPA နှင့် DHA ဓာတ်များကို ရရှိစေပါသည်။

သတိပြုရန် အနေဖြင့်-

ဆီးချို၊ သွေးချို ရောဂါဝေဒနာသည်များနှင့် သွေးထွက်လွန်သော ဝေဒနာရှင်များမှာ အိုမီဂါ-၃ စားသုံးမှုကို ဆရာဝန်နှင့် တိုင်ပင်သင့်သည်ဟုဆိုပါသည်။ အိုမီဂါ-၃ ဓာတ်သည် သွေးထဲမှ သကြားဓာတ်ကို တိုးစေပြီး သွေးကြောပိတ်ဆို့ခြင်းကို လျော့နည်းစေပါသည်။ ပင်လယ်ငါးနှင့် ဓာတ်မတည့်သည့်သူများမှာ ပင်လယ်ငါးမှ ရရှိသော အိုမီဂါ-၃ ကို ရှောင်ကျဉ်သင့်သည်ဟု ဆိုပါသည်။

အိုမီဂါ-၃ သည် aspirin၊ anticoagulants (warfarin, heparin)၊ non-steroidal anti-inflammatories (ibuprofen ) ကဲ့သို့သော ဆေးဝါးများနှင့် ဓာတ်ပြုပြီး သွေးထွက်နှုန်းကို မြင့်စေသော ဆိုးကျိုးဖြစ်စေနိုင်သည့်အတွက် ထိုဆေးဝါးများကို သုံးစွဲနေရသော လူနာများအဖို့ အိုမီဂါ-၃သောက်သုံးခြင်းကို ဆရာဝန်နှင့် သေချာစွာ တိုင်ပင်ဆွေးနွေးသင့်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင်-

ပင်လယ်ငါးအမျိုးအစားဖြစ်သော ငါးမုတ်ဖြူနှင့် ငါးမုတ်မဲငါးသည် အရသာနူးညံ့ကောင်းမွန်လှပြီး လူကြိုက်များသဖြင့် ပြည်တွင်း၌သာမက ပြည်ပဈေးကွက်ထိပါ နေရာရနေသောငါးတစ်မျိုးဖြစ်သည်။ထို့ပြင် ငါးမုတ်ငါးများသည် အရသာကောင်းမွန်ရုံသာမက အာဟာရဓာတ်လည်း စုံလင်စွာပါရှိသဖြင့် စားပေးသင့်သော ပင်လယ်ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**

References;
(1)Fish Base of Myanmar
(2)Inland Fisheries of Myanmar

---

စာ-၇ မှ

ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း သိရ သည်။ အိန္ဒိယနိုင်ငံသည် ဉာဏ်ရည်တု (AI) အပါအဝင် နည်းပညာသစ်များတွင် ဆက်ဆံရေးတိုး ချဲ့လိုပြီး ကုန်သွယ်မှုကွင်းဆက်များ တည်ဆောက်ရာတွင် EU နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း သိရသည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (FTA) နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း EU သည် အိန္ဒိယနိုင်ငံအား အချို့သော ကုန်ပစ္စည်းများအပေါ် တင်သွင်းခွန် လျှော့ချရန် တိုက်တွန်းထားသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စည်းမျဉ်းများကို လိုက်နာလျက်ရှိပြီး ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် တိုင်ပင်ကာ အကောက်ခွန်များကိုတဖြည်းဖြည်း လျှော့ချရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ ခရီးစဉ်သည် EU နှင့် ထရမ့်အစိုးရအကြား တင်းမာမှုများ မြင့်တက်လာသည့် နောက်ခံအခြေအနေတွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဆွေးနွေးမှုများအတွက် ပိုမိုအရေးပါစေမည်ဟု ယူဆရသည်။ နှစ်ဖက်စလုံးသည် ရုရှား-ယူကရိန်း ပဋိပက္ခနှင့် ပတ်သက်၍လည်း ဆွေးနွေးရန် မျှော်လင့်ရပြီး ယင်းကိစ္စနှင့် ပတ်သက်၍ ၎င်းတို့တွင် သဘောထားကွဲလွဲမှုများ ရှိဖွယ်ရှိကြောင်း သိရ သည်။

**ကောင်းထွဋ်အောင်**

The New Indian Express, India looks to bolster trade, defence ties with EU as delegation arrives, February 28, 2025.

---

စာ-၁၄ မှ

လျှာပေါ်တွင် ထူထူပူပူလေးခံစားချက်ကိုပါ ပေးစွမ်းနိုင်သည့် အတွက် ခံတွင်းပျက်နေသူများအသင့်လျော်ဆုံး ဟင်းလျာတစ်ခွက်ပင်ဖြစ်၏။

• ပိတ်ချင်းမှုန့်ကို ခပ်ကာရေနွေးကြမ်းပြုလုပ်သောက်သုံးခြင်း၊ ဟင်းချိုရည်/ စွပ်ပြုတ်များထဲတွင် ထည့်သွင်းချက်ပြုတ်ခြင်း၊ အသား/ငါးများ ရနံ့မွှေးအောင် နှပ်ရာတွင် ထည့်သွင်းခြင်း၊ နွားနို့၊ လက်ဖက်ရည်ထဲတို့တွင် ထည့်သွင်းဖျော်စပ်သောက်သုံးခြင်းဖြင့် အစားအစာများကို အနံ့အရသာ ပိုမိုပြည့်စုံစေသည့်အပြင် အစာကြေ၊ လေကြေစေနိုင်ခြင်း အကျိုးကျေးဇူးကိုပါ ရရှိနိုင်၏။

• ကရင်တိုင်းရင်းသားရိုးရာ တာလပေါ ဟင်းချက်သည့်အထဲတွင် ပိတ်ချင်းရွက် မပါမဖြစ်ပင်၊ ဟင်း၏ အနံ့အရသာကို ပိုမိုပြီးပြည့်စုံစေပြီး ခံတွင်းမြိန်စေ၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ပိတ်ချင်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထား ပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံ ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**



# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၄)

## ကမ္ဘာ့အကောင်းဆုံး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ စံသတ်မှတ်ခြင်း-အပိုင်း-၆

(ယခင်အပတ်မှအဆက်)

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ အပါအဝင် နိုင်ငံတကာ ထိပ်တန်းတက္ကသိုလ် များ (World-Class Top Universities) ကမ္ဘာကျော်ဖြစ်နေရခြင်း နောက်အကြောင်းရင်း တစ်ခုမှာ -

**(င) တက္ကသိုလ် ငွေပဒေသာပင် (Endowment Funds) များပြားစွာရှိခြင်း**

နိုင်ငံတကာ အစိုးရ၊ ပုဂ္ဂလိက တက္ကသိုလ်များ တွင် ရန်ပုံငွေအများဆုံးရှိသော တက္ကသိုလ်များမှာ အမေရိကန်နိုင်ငံ ရှိတက္ကသိုလ်များက အများဆုံးဖြစ်ပြီး ပုဂ္ဂလိက ဟားဗတ်တက္ကသိုလ် (Harvard Private University) အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၇ ဘီလီယန်ခန့်၊ တက္ကဆက်ပြည်နယ်ရှိ တက္ကသိုလ်များကို စုပေါင်းထားသော တက္ကဆက် တက္ကသိုလ်စနစ် (Texas University System – Cluster universities in Texas State, US) အမေရိကန် ဒေါ်လာ ၄၀ ဘီလီယံကျော်၊ ပုဂ္ဂလိကစတန်းဖို့ တက္ကသိုလ် (Stanford Private University) အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၅ ဘီလီယန်ခန့်၊ အခြားနိုင်ငံများတွင် ယူကေနိုင်ငံ ကိန်းဘရစ်တက္ကသိုလ် (Cambridge University, UK) အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယန်ခန့်၊ တရုတ်နိုင်ငံ ဆင်ဟွာတက္ကသိုလ် (Tsinghua University, China)အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယန်ခန့်၊ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် (University of Tokyo, Japan) အမေရိကန်ဒေါ်လာ ၄ ဒသမ ၀ ဘီလီယန်ခန့် စသည်တို့ ရှိကြပါသည်။(နမူနာယူနိုင်ရန်ဖြစ်ပါသည်။)

### ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် အလှူငွေ/ရန်ပုံငွေသုံးစွဲမှုများ (Uses of Endowment Funds in Universities)

တက္ကသိုလ်များအတွက် အလှူငွေသည်တက္ကသိုလ်ငွေကြေးသုံးစွဲမှုဆိုင်ရာ တည်ငြိမ်မှု၊ လေးစားရမှုနှင့် ရေရှည်စီမံခန့်ခွဲမှုအတွက် အလွန်အရေးကြီးပါသည်။ ဤအလှူငွေများကို အောက်ပါနည်းလမ်းများဖြင့် အသုံးပြုနိုင်ပါသည်-

**(က) ထူးချွန်ပညာသင်ဆုနှင့် သင်ကြားရေး အားပေးထောက်ပံ့မှု (Scholarships and Financial Aid)** – ငွေကြေးချို့တဲ့သောကျောင်းသားများ ပညာသင်ကြားခွင့် ရရှိစေရန် အထောက်အပံ့ပေးသည်။ ကျွန်တော်တို့မြန်မာနိုင်ငံတစ်ကျောင်းတည်းသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် လက်ရှိဝင်ခွင့်ရွေးချယ်မှုမှာ တက္ကသိုလ်ဝင်တန်း ရရှိသော အမှတ်နှင့်တက္ကသိုလ်ဝင်ခွင့်ကိုလက်ရှိမူဝါဒအရ အဆုံးအဖြတ်ပေးနေသဖြင့်တက္ကသိုလ် နှင့်လိုက်ဖက်သော ကျေးလက်ဒေသနေသူများ၊ တောင်သူလယ်သမား သားသမီး များ ဖြစ်သော်လည်း အမှတ်မမီ၍လည်းကောင်း၊ ဝေးလံခေါင်ဖျား အရပ်ဖြစ်နေ၍လည်းကောင်း၊ ငွေကြေးမတတ်နိုင်၍ လည်းကောင်း၊ စိုက်ပျိုးရေးဘာသာရပ်ကို ဝါသနာပါသော်လည်း တက္ကသိုလ်သို့မတက်ရောက်နိုင်ကြပါ။

နောင်တွင်မူစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် နောက်တစ်ကျောင်းဖွင့်၍လည်းကောင်း၊ ထောက်ပံ့ကြေးငွေ (Stipend) ပေး၍လည်းကောင်း၊ (ထူးချွန်ပညာသင်ဆုနှင့် မတူညီ ပါ။)၊ ဝေးလံခေါင်ဖျားအရပ် ဒေသများအတွက် ခွဲတမ်း (Quota) ပေး၍ လည်းကောင်း၊ ဆောင်ရွက်လျက်ရှိသည်ဟု၍ကြားသိရပါသည်။ ထောက်ပံ့ကြေးငွေသည် ငွေကြေး ချို့တဲ့သော ကျောင်းသား/ကျောင်းသူများကို ပေးအပ်ခြင်းဖြစ်ပါသည်၊ ဉာဏ်ရည်ကောင်းသော ကျောင်းသား/သူများလာရောက်ပညာသင်ကြားရန်အတွက်မူ ထိုက်တန် သော ထူးချွန်ပညာသင်ဆု(scholarships)ပေးအပ်၍နိုင်ငံအဝှမ်းရှိ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အတော်ဆုံးကျောင်းသား/သူများ (မြန်မာနိုင်ငံတွင်တော့ စာတော်သူ အများစုက ဆေးတက္ကသိုလ်သို့သွားကြ၊မိဘများကလည်း ဂုဏ်ယူလေ့ရှိနေဆဲဖြစ် နေပါသေးသည်။)ထိုအထဲမှ စိုက်ပျိုး၊မွေးမြူရေးပညာရပ်များ သင်ယူစေရန် ဆွဲဆောင် ရပါမည်။ နိုင်ငံတကာတွင် ဤကဲ့သို့ ပြုလုပ်ပါသည်။ တစ်ကမ္ဘာလုံးမှ ထူးချွန်သူများကို မဟာဘွဲ့၊ ပါရဂူ၊ ဘွဲ့လွန်ပါရဂူ (Post-doctoral fellows)များအထိ ပညာရှင်ကြေး များစွာပေးဖိတ်ခေါ်ပြီးသူတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်နေသော သုတေသနများပြုလုပ်ခိုင်းကာ ဆက်တိုက်တိုးတက်သွားပါ တော့သည်။

**(ခ) ပါမောက္ခများ၏ လစာနှင့် သုတေသနများ (Faculty Salaries and Research)** – ဤရန်ပုံငွေများဖြင့် ထူးချွန်သော ထိပ်တန်းရောက် ဆရာ/ဆရာမကြီးများနှင့် ထူးချွန် သုတေသနပညာရှင်များကို ဆွဲဆောင်ရန် အသုံးပြုလေ့ရှိကြပါသည်။

**(ဂ) အဆောက်အအုံနှင့် ထောက်ပံ့မှုစနစ်များ (Infrastructure and Facilities)** – စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ အဆောင်များကို တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို ဤရန်ပုံငွေများဖြင့် တက္ကသိုလ်အတွက် အသုံးပြုပါသည်။

**(ဃ) ပညာရေးအစီအစဉ်များ (Academic Programs)**– နှစ်စဉ်ဘာသာရပ်အသစ်များ၊ဘာသာပေါင်းစုံဆက်စပ်(Inter-disciplinary/Multi-disciplinary Approaches) လေ့လာသင်ကြားမှုများကို ဤရန်ပုံငွေများဖြင့် ထောက်ပံ့ခြင်း ပြုလုပ်လေ့ရှိပါသည်။

**(င) နည်းပညာနှင့် ဆန်းသစ်မှုများ (Technology and Innovation)** – ဤရန်ပုံငွေများဖြင့် နောက်ဆုံးပေါ် နည်းပညာများနှင့်သုတေသနနည်းစနစ်များ၊ ကွင်းနှင့် ဓာတ်ခွဲခန်း သုတေသနများ (Field and Laboratory Research) အတွက် ကိရိယာ များတွင် ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်နိုင်ပါသည်။

**(စ) ကျောင်းသားဝန်ဆောင်မှုနှင့် အဖွဲ့အစည်းများ (Student Services and Extra-Curriculars)**–ဘွဲ့ရပြီးလျှင်အလုပ်အကိုင်ရရှိရန်လမ်းညွှန်ပေးမှု (Career Counseling Services)၊ ကျောင်းသား/သူများ၏ စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ (Mental Health Services) နှင့် ကျောင်းသားဘဝကအတွေ့အကြုံရအောင် ဆောင်ရွက်ရ သော အဖွဲ့အစည်းများ (Student Organizations) ကို တိုးတက်စေရန် ဤရန်ပုံငွေ များက အားပေးကူညီပေးပါသည်။

ကျွန်တော်တို့ကျောင်းသားဘဝကတည်းက ရေဆင်းရှိတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များ မတူညီသည့်အချက်မှာ ကျောင်းသား/ကျောင်းသူများအားလုံးနီးပါး အဆောင်နေခွင့်ရသည့်အတွက် သူငယ်ချင်း အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ မြန်မာ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသား အားလုံးနှင့် ခင်မင်ရသော အခွင့်အရေး၊ အားကစား၊ အနုပညာ၊ ဗုဒ္ဓဘာသာအသင်း၊ စိုက်ပျိုးမွေးမြူရေးအသင်း၊ အဆောင်သာယာရေး ကော်မတီစသည်တို့သာတူညီမျှတာဝန်ထမ်းဆောင်ခွင့်ရသည့်အတွက် အတွေ့အကြုံများစွာ ရရှိခြင်းက ခေါင်းဆောင်မှုစွမ်းရည် (Leadership Skill)၊ အဖွဲ့အစည်းနှင့် ဆောင်ရွက်နိုင်စွမ်းရည်(Teamwork Skill)များစွာရရှိပြီး လုပ်ငန်းခွင်သို့ရောက်ရှိသော အခါ ဦးဆောင်မှုကိုပေးနိုင်ပါသည်။

ကျောင်းဆောင်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာ တက္ကသိုလ်အများစုတွင် အစိုးရမှ ကြီးကြပ်ပေးမှုမပြုလုပ်တော့ပါ၊ အဆောင်စားသောက်ရေး စီမံခန့်ခွဲရေးပြုလုပ်သည့် အဖွဲ့များ၊ အဆောင်မှူးများ အပါအဝင် ပုဂ္ဂလိက ကဏ္ဍမှသာ ဆောင်ရွက်နေပါသည်။ အဆောင်မှူးအဆောင်နည်းပြများသည်သင်ကြားရေးကျောင်းဆရာများ မဟုတ်တော့ဘဲ သီးသန့်ဝန်ထမ်းများသာဖြစ်ကြပါသည်။ တစ်ချို့အဆောင်များတွင် ကြီးကြပ်ပေးမှု သာပြုလုပ်ကြပြီးအစားအသောက်ကျွေးမွေးမှုကိုကန်ထရိုက်စနစ်(Contract System) ဖြင့် ပြုလုပ်နေကြပါသည်။

၁၉၈၇-ခုနှစ်က ကျွန်တော် ဩစတေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ်တွင် မဟာစိုက်ပျိုးရေးသိပ္ပံသင်တန်းတက်တော့တစ်ရက် ၃ ကြိမ်ကျွေးသည့် အပြည်ပြည်ဆိုင်ရာ ကျောင်းသားများအဆောင် (International House) (တက္ကသိုလ် သင်ကြားရေး ကျောင်းဆရာများက ကြီးကြပ်ခြင်း မပြုပါ) တွင် တောင် တစ်လ အဆောင်ခ ဈေးကြီး၍မနေဘဲ အဆောင်နေခွင့်သီးသန့်ရှိသည့် ပုဂ္ဂလိက အဆောင်မှာနေပြီး စုစုပေါင်းမီးဖို (Common Kitchen) တွင် မိမိဘာသာချက်စားပြီးနေခဲ့ပါသည်။

တစ်ဖန် ၂၀၀၁-ခုနှစ် ဂျာမနီနိုင်ငံ ကက်ဆယ်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်း တက်တော့ သုတေသနဌာနတစ်ခု၏ ရန်ပုံငွေအဆောင်မှာ နေထိုင်ရင်း မိမိကိုယ်တိုင် ချက်စား နေထိုင်ခဲ့ပါသည်၊ ဂျာမနီတက္ကသိုလ်များ အားလုံး၏ စနစ်က တနင်္လာမှ စနေနေ့အထိ နေ့လယ်စာကို ပြင်ပဈေးထက် တစ်ဝက်ခန့်သက်သာသော ဈေးနှုန်းများဖြင့် ကျောင်းသားများ စုပေါင်းဆုံရာနေရာ (သူတို့အခေါ် Student Mensa) တွင် စီစဉ်ထားသော နေ့လယ်စာပုံစံ (Set Menu) အမျိုးမျိုးဖြင့် ရောင်းချပေးခြင်း ဖြစ်ပါသည်၊ ကျောင်းသားအများစုမှာ နေ့လယ်စာကို ဤနေရာမှာဘဲ အပန်းဖြေရင်း စားသောက်ကြပါသည်။ ဆရာနှင့်တပည့်လည်း ဤနေရာမှာပဲ တွေ့ဆုံကြ၊ ဆွေးနွေးကြလုပ်ငန်းခွင်နေ့လယ်စာ (Working Lunch) လုပ်ကြပါသည်။ ပြည်နယ်အလိုက် ရထား၊ ဘတ်စကားစီးလျှင်လည်း နှစ်ဝက်ကျောင်းသားကတ် (Semester Tickets for Students) ဖြင့် စီးနင်းလိုက်ပါက တက္ကသိုလ်တစ်ခုနှင့်တစ်ခုသွားနိုင်၊ စာသွားသင်နိုင်၊ စာကြည့်တိုက်တွင် စာအုပ်ငှားနိုင်ပါသည်။

စာ-၁၁ သို့

စာ-၁၀ မှ


ဂျာမန်တက္ကသိုလ်များ၏နေ့လယ်စာ

(ဆ) ရေရှည်တည်တံ့မှုနှင့် စီးပွားရေးတည်ငြိမ်မှု (Sustainability and Long-Term Growth) -ဤရန်ပုံငွေများသုံးစွဲမှုက ကမ္ဘာကြီး၏ စီးပွားရေးမတည်မငြိမ်မှုများ ကြား မှ တက္ကသိုလ်၏တည်ငြိမ်မှုကို ထိန်းသိမ်းပေးနိုင်ခြင်း ဖြစ်ပါသည်။

**အလှူငွေသည် ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်မှုအတွက် အရေးကြီးမှု (Why Endowments Funds are important for University Ranking in the World)**

(၁) ထိပ်တန်း ဆရာ/ဆရာမကြီးများနှင့် သုတေသနပညာရှင်များကို ဆွဲဆောင်နိုင်ခြင်း (Attracting Top Faculty and Researchers)

ဤရန်ပုံငွေ/အလှူငွေများကြောင့် သူတို့အားပိုမိုကောင်းမွန်သောလစာနှင့် သုတေသနကြေးများကို ထောက်ပံ့နိုင်ပါသည်။

(၂) သုတေသနထွက်ရှိမှု မြှင့်တင်နိုင်ခြင်း (Enhancing Research Output)

ဤရန်ပုံငွေ/အလှူငွေများသည် နိုင်ငံအတွက် လိုအပ်လျက်ရှိသော သုတေသန များကို ဆောင်ရွက်နိုင်စေပြီး ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များ ရွေးချယ်သည့်အဖွဲ့များ၊ ဥပမာ - QS၊ Times Higher Education စသည့် အဖွဲ့များ၏ ရွေးချယ်မှုစံချိန်များကို မြှင့်တင်ပေးနိုင်သည်။

(၃) ကျောင်းသားအတွေ့အကြုံ အဆင့်မြှင့်တင်နိုင်ခြင်း (Improving Student Experience)

ဤရန်ပုံငွေ/အလှူငွေများကြောင့် ပိုမိုကောင်းမွန်သော အဆောက်အအုံများ၊ ပညာသင်ဆုများနှင့် ဝန်ဆောင်မှုများဖြင့် ကျောင်းသားကျေနပ်မှုများ တိုးတက်လာမည်။

(၄) နိုင်ငံတကာ မိတ်ဖွဲ့ရေးနှင့် သက်တမ်းရှည်မှု (Global Partnerships and Influence) ဤရန်ပုံငွေ/အလှူငွေများဖြင့် ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုများဖြင့် နိုင်ငံ တကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာမည်။

(၅) ရေရှည်တည်တံ့မှုနှင့် ယှဉ်ပြိုင်နိုင်မှု (Long-Term Stability)

ဤရန်ပုံငွေ/အလှူငွေများကြောင့် ကမ္ဘာ့စီးပွားရေး ပြဿနာများမဖြစ်ခင် ရင်းနှီး မြှုပ်နှံမှုများကို သေချာစီမံနိုင်ပါသည်။

ဤရန်ပုံငွေ/အလှူငွေများ ပေါများသည့် တက္ကသိုလ်များမှာ ဥပမာ - ဟားဗတ် (Harvard)၊ စတန်ဖို့ (Stanford)၊ အောက်စဖို့ (Oxford) စသည့် တက္ကသိုလ်များသည် တစ်သက်တာအထိတောင် ရေရှည်တည်တံ့တည်ရှိနိုင်ပြီး၊ သုတေသန၊ ပညာရေးနှင့် ကျောင်းသား/သူများ ဝန်ဆောင်မှု အစရှိသည်တို့ကို အမြဲတိုးတက်စေရန် အမြဲတမ်း ဆောင်ရွက်နေသည်ကို အတုယူသင့်ပါသည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်များ အပါအဝင် အစိုးရတက္ကသိုလ် အများစုသည် သင်ကြားရေး၊ သုတေသန၊ ဝန်ထမ်းလစာ၊ ငွေလုံးငွေရင်း အသုံးစရိတ်များ အားလုံးနီးနီး နိုင်ငံတော်ဘတ်ဂျက်ကိုသာ မှီခိုနေရသည်ဟု ထင်မြင်မိပါသည်။ ဤကဲ့သို့ ရန်ပုံငွေ/ အလှူငွေများ ရှိသင့်သလောက်ရှိသော်လည်း ဥပမာ - စိုက်ပျိုးရေးဘွဲ့ရ အသင်း ရန်ပုံငွေ (Alumni Funds) အဓိကအသုံးမှာ အငြိမ်းစား ဆရာ/ဆရာမများ အာစရိယ ပူဇော်ပွဲ လောက်သာ အများဆုံး အသုံးပြုနေရသည်ကို သတိထားမိပါသည်။ ဂျပန်နိုင်ငံ မစ်ဆုဘီရှိ (Mitsubishi)၊ တရုတ်နိုင်ငံ၊ယုံရှင်းဝါ (Yuntianhua)၊ အလှူရှင်တစ်ဦးချင်း ပေးသည့်ပညာသင်ဆု/ထောက်ပံ့ကြေးများလည်းရသင့်သလောက်ရပေမဲ့ အခြားနိုင်ငံများ ကဲ့သို့ တက္ကသိုလ်ဝင်တန်းအောင် ထိပ်ဆုံးက အတော်ဆုံး ကျောင်းသား/ကျောင်းသူများ ကိုတော့ ဆေးတက္ကသိုလ်လျှောက်ရာမှ စိုက်ပျိုး/မွေးမြူရေးတက္ကသိုလ်များသို့ ပြောင်းလျှောက်ရလောက်အောင် မက်လုံးပေးမည့် (incentive) ပညာသင်ဆုက နည်းပါးနေ သေးသည်ဟု ထင်မြင်မိပါသည်။ တစ်ချို့နိုင်ငံများတွင်တော့ ကျောင်းသား/သူများအား ချေးငွေ (Student Loans) ပထမနှစ်ကတည်း ငွေချေးထားပြီး ဘွဲ့ရလျှင် အလုပ်ပြန်လုပ် ချေးငွေပြန်ဆပ်၊ ပုဂ္ဂလိကစိုက်ပျိုး၊ မွေးမြူရေး ကုမ္ပဏီများက ငွေချေးပေးပြီး ဘွဲ့ရလျှင် ချေးငွေကြေသည်အထိ သူတို့ထံတွင် အလုပ်ပြန်လုပ်ပေးဆိုသည့် စနစ်မျိုးကျင့်သုံးပေး လျှင်ကောလက်တွေ့ကျပါမည်လားဆိုသည်ကို စဉ်းစားရပါမည်။ လိမ်ညာမှုတွေတော့ သတိထားရပါမည်။(ဘွဲ့လက်မှတ်ကို ချေးငွေအကြေပြန်ဆပ်ပြီးမှပေးလျှင်လည်းရမလား မသိ ပါ)

နိုင်ငံတကာမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများဖြင့် မဟာဘွဲ့၊ ပါရဂူဘွဲ့များ ပေးအပ်ခဲ့သော်လည်း အစိုးရ ဝန်ထမ်းတစ်ချို့က ပြန်မလာကြသဖြင့် လူ့စွမ်းအားများ၊ ဦးနှောက်ယိုစီးမှုများ (Brain Drain) ဖြစ်ပေါ်ခဲ့၊ ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။

(ထိုပညာသင်ဆုများမှာ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဥပမာ - (ToT – Training of Trainers) တတ်သိလာသောပညာရပ်များကို ပြည်တွင်းတွင်ပြန်လည်ဖြန့်ဝေပေးရန် ရည်ရွယ်ချက်ဖြင့်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တစ်ဦးချင်း တော်လွန်း၍ ပေးအပ်ခြင်းမဟုတ်ပါ) ၁၉၈၈-ခု ကျွန်တော်တို့ မဟာစိုက်ပျိုးရေးသိပ္ပံ သင်ကြားစဉ်ကလည်း ဘွဲ့ရပြီးသူ တစ်ချို့မှာ ပြည်တွင်းသို့ ပြန်မလာတော့ဘဲ နိုင်ငံတကာတွင် ကျန်ရစ်နေခဲ့သူများလည်း ရှိခဲ့ဖူးပါသည်။

နိုင်ငံတကာတက္ကသိုလ်များနှင့် အဆင့်ယှဉ်ပြိုင်မှု (Global Universities Ranking) အသာထားဦး ပြည်တွင်းတက္ကသိုလ် အချင်းချင်း ယှဉ်ပြိုင်မှုများ၊ ဂုဏ်ပြုဆုပေးမှုများ ပြုလုပ်ပေးမည်ဆိုပါလျှင် ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ သုတေသန ပညာရှင်များ အချင်းချင်း ကြိုးစားယှဉ်ပြိုင်လာကြမည်ဟု ယုံကြည်မိပါသည်။

(ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်

# ကြံစိုက်ပျိုးရာသီလုပ်ငန်းညှိနှိုင်း အကြိုအစည်းအဝေး ကျင်းပ

**စိုက်**ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် Online စနစ်ဖြင့် ကြံသီးနှံ သုတေသနခြံ/ မျိုးသန့်ခြံများနှင့် ၂၀၂၅-၂၀၂၆ ခုနှစ်၊ ကြံစိုက်ပျိုးရာသီ ပထမ(၃)လပတ်လုပ်ငန်းညှိနှိုင်းအကြိုအစည်းအဝေးကို မတ် ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက ခြံများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ် သက်၍ အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)မှ ၂၀၂၅-၂၀၂၆ ခုနှစ်၊ ကြံရာသီတွင် အထွက်နှုန်းတိုးတက်ရေးအတွက် ပထမ(၃)လပတ်တွင် ဆောင်ရွက်ရမည့် စိုက်ပျိုး ရေးဆိုင်ရာကိစ္စရပ်များနှင့် ဒုတိယညွှန်ကြားရေးမှူး(စီမံ/ငွေစာရင်း)မှ ၎င်း(၃)လပတ်အတွင်း ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆိုင်ရာလုပ်ငန်းများ အကြောင်းကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ခြံများနှင့်ပတ်သက်၍ ကြံသီးနှံစိုက်ပြီးအခင်းများ၏ ဆောင်ရွက်ထားမှု Record ထားရန်၊ စိုက်ခင်းများအတွက် တိကျသော တာဝန်ပေးရန်၊ တာဝန်ကျဝန်ထမ်းနှင့် စိုက်ခင်းတွဲ၍ Label တပ်ထားရန်၊ ခြံများမှ ထွက်ရှိသောကြံသည် မျိုးကြံအဖြစ်သာ ဖြန့်ဖြူးရန်၊ တိုင်း/ခရိုင်/မြို့နယ် များမှ ဦးစီးမှူးများနှင့် ပေါင်းစပ်၍ တောင်သူလက်အရောက် မျိုးကြံဖြန့်ဖြူးနိုင်ရေး တင်ပြဆောင် ရွက်ရန်၊ ဆောင်ရွက်ခဲ့သော သုတေသနများ မှတ်တမ်းပြုစုထားရန်၊ ယခုနှစ်လုပ်မည့် သုတေသနများ စီမံချက်ရေးဆွဲဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် Online စနစ်ဖြင့် တက်ရောက်လာသော ခြံတာဝန်ခံများမှ မိမိတို့ခြံအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြပြီး ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးများမှ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည့်ပြည့်(Sugar Land)



## ဆန်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းအဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်း၊ ရွှေဘိုပေါ်ဆန်း အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း ဆန်ဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်း၊ ပေါ်ကျွဲဆန်ဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်း၊ ဧယာဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၈၁၀၀၀ ကျပ်နှင့် အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်း၊ ဧည့်မထဆန်ကြမ်း ၂၅ ရာခိုင်နှုန်း နှင့် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၆၄၅၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်း နှင့်အောက်စတစ်အိတ်လျှင် ၆၅၀၀၀ကျပ်နှုန်းတို့ဖြင့်အသီးသီး ရောင်းဝယ်လျက်ရှိ ကြောင်းသိရသည်။ အိန္ဒိယ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများတွင် ဆန်သစ်အဝင်လှိုင်ခြင်းနှင့် ရောင်းလိုအားများနေခြင်းစသည့် အခြေအနေများကြောင့် နိုင်ငံအသီးသီး၏ ပြည်ပတင်ပို့ ဆန်ကြမ်းဈေးနှုန်းများဈေးနိမ့်ကာ အရောင်းအဝယ်အေးလျက်ရှိသည်။ထို့ကြောင့် ပြည်တွင်းရှိ လက်ကားဈေးကွက်တွင်လည်း ဆန်ကြမ်း ဈေးနှုန်းများ ဈေးငြိမ်ကာ အရောင်းအဝယ်အေးလျက်ရှိသည်။ ပြည်တွင်းစားသုံးမှုများသော ဆန်ချော၊ ဆန်လတ်များမှာလည်း ကုန်အဝင်ပုံမှန်ရှိခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်း ခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ရန်ကုန် ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ပြီး စားသုံးသူများမှလည်း ပုံမှန်ဝယ်ယူမှုသာရှိခဲ့ကြောင်းသိရသည်။

ဈေးနှုန်းမှာ ၃၀၀၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၉၅၀၀၀ ကျပ်သို့ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၀၂၅၀၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၂၉၅၅၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၁၁၀ လုံးခန့်နှင့် ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၈၅ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ပဲတီရွှေဝါဈေးနှုန်းများမှာ ပဲသစ်ပေါ်ချိန်ဖြစ်ခြင်းနှင့် တရုတ်ဝယ်လက်များမှ ဝယ်လိုအားရှိခြင်း တို့ကြောင့်ရောင်းလိုအား၊ဝယ်လိုအားမျှကာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်း အဝယ်ဖြစ်သည်။ ပဲတီရွှေဝါ ၃တင်း /၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၄၀၅၀၀ ကျပ်ဖြစ်သည်။ ထောပတ်ပဲ၊ ပဲပုပ်ပဲ၊ ဘိုကိတ်ပဲများမှာ အရောင်းအဝယ်အေးခြင်းကြောင့်လည်း ကောင်း ကုလားပဲမှာ ပဲသစ်အဝင်လှိုင်ခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်အပတ်ထက်ဈေးနိမ့်ခဲ့သည်။ ထောပတ်ပဲ ၃တင်း /၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၁၀၅၀၀ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၈၉၂၀၀ ကျပ်သို့လည်းကောင်း ပဲပုပ်ပဲ ၃တင်း /၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၈၀၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၇၇၅၅၀ ကျပ်သို့လည်းကောင်း၊ ဘိုကိတ် ၃တင်း /၆၀ ပိဿာလျှင် ယခင် အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၃၇၉၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၃၄၀၀၀ ကျပ်သို့လည်းကောင်း အသီးသီး ရောက်ရှိဈေးနိမ့်ခဲ့သည်။ ကုလားပဲတစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၄၂၁၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၁၂၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲလွမ်းဖြူမှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုးအစားဖြစ်ခြင်း၊ အရည်အသွေးကောင်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ပဲလွမ်းဖြူ ၃တင်း / ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၄၁၀၅၀ ကျပ်ဖြစ် ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၄၂၅၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။




၁၀-၃-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများ ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်ပို့ချိန်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် တင်ပို့မှုနည်းကာ ဝယ်လိုအားနည်းလာခြင်းကြောင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများ ယခင်အပတ်ဈေးနှုန်းများဖြင့်သာဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၉၀၇၂၀ ကျပ်ဖြစ်သည်။ ရှမ်းပြည်နယ်၊ ရောဝတီ၊ စစ်ကိုင်းတိုင်း၊ပဲခူး၊မန္တလေး တိုင်းဒေသကြီးများမှ အစေ့ထုတ်ပြောင်းများဈေးကွက်သို့ဝင်ရောက် မှုရှိခဲ့ကြောင်း သိရသည်။ ပြောင်းတင်ပို့သူများအနေဖြင့် ဖေဖော်ဝါရီလအတွင်း ဝယ်ယူမှုအားကောင်းခဲ့ခြင်းကြောင့် ဖေဖော်ဝါရီလအတွင်း အစေ့ထုတ်ပြောင်းများ ဈေးကောင်းခဲ့ရာမှ ယခု မတ်လအတွင်း ဝယ်လိုအားကျဆင်းကာဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။

## ပဲမျိုးစုံ

ပဲမျိုးစုံအဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ပဲသစ်များ အဝင်ရှိနေချိန်ဖြစ်ခြင်း၊ ရူပီးငွေ ဈေးကျဆင်းနေချိန်ဖြစ်ခြင်း၊ မြန်မာမတ်ပဲများလည်း အဝင်ရှိနေချိန်ဖြစ်ခြင်းကြောင့် အိန္ဒိယပဲကုန်သည်များ ဝယ်လိုအား ကျဆင်းလာချိန်ဖြစ်ခြင်း၊ မတ်ပဲ အခွန် လွတ်တင်သွင်းခွင့် သက်တမ်းတိုးလာခြင်းတို့ကြောင့် အိန္ဒိယတွင် မတ်ပဲ ဈေးနှုန်းများကျဆင်း လာခဲ့သည်။ အလားတူပင် ပဲစင်းငုံအစားထိုးသုံးစွဲနိုင်သော ပဲရာဇာနှင့် ပဲဝါလေးကဲ့သို့အစားထိုး ပဲများ ဝင်ရောက်မှုရှိနေခြင်း၊ ပဲဝါလေးအခွန်လွတ်တင်သွင်းခွင့်ကာလ သက်တမ်းကုန်ခဲ့ပြီဖြစ်သော်လည်း ဖေဖော်ဝါရီ ၂၈ ရက် မတိုင်မီ သဘော်တင်ခဲ့သည်များကို အခွန်လွတ်တင်သွင်းခွင့် ဆက်လက်ခွင့်ပြုပေးထားခြင်းကြောင့် မေလကုန်အထိတိုင်အောင် ပဲစင်းငုံအစားထိုး ပဲဝါလေးများစွာဝင်ရောက်လာဖွယ်ရှိကြောင်း သိရသည်။ သို့ဖြစ်ရာ ပဲစင်းငုံဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် မတ်ပဲ(သဘော်တင်)နှင့် ပဲစင်းငုံ(သဘော်တင်) ဈေးနှုန်းများမှာ ယခင်အပတ် ထက်ဈေးနိမ့်လာခဲ့သည်။ မတ်ပဲ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မတ် ၁၀ ရက်မှ ၁၆ ရက်အထိ ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၈၉၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဆီတစ်ပိဿာလျှင် ၁၅ ကျပ် နှုန်း ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများတွင် စားအုန်းဆီ အထွက်နှုန်းကျဆင်းခဲ့ခြင်း၊ ဇီဝလောင်စာဆီအဖြစ်အသုံးပြုမှုများလာခြင်း၊ နိုင်ငံအတွင်း စားအုန်းဆီလက်ကျန် နည်းလာခြင်းတို့ကြောင့် ဆီကြမ်းပို့ကုန် အခွန်နှုန်းထားများမြင့်တက်ကာ ကမ္ဘာ့စားအုန်းဆီဈေးမှာ ပဲပုပ်ဆီဈေးနှုန်းများထက် ဈေးမြင့်လာခဲ့ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်ဆီ အဓိက ဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံသည် စားအုန်းဆီထက်ပိုမိုတွက်ခြေကိုက်သော ပဲပုပ်ဆီများအား ပိုမိုတင်သွင်းလာခြင်းကြောင့် စားအုန်းဆီဝယ်လိုအားများ ကျဆင်းကာ ဈေးနိမ့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မတ်လတွင် စားအုန်းဆီထုတ်လုပ်မှုတိုးတက်ကောင်းမွန်လာနိုင်သော်လည်း တင်ပို့မှုအခြေအနေမှာ ကောင်းနိုင်ဖွယ်မရှိသေးကြောင်း ခန့်မှန်းထားကြသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၂၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

စာ-၁၃ မှ

ဘုတလင်၊ မုံရွာ ဂုံျတစ်အိတ် အရည်အသွေးအကောင်းဆုံး ၂၁၀၀၀၀ကျပ် ရှမ်းဂုံျတစ်အိတ် ၁၈၅၀၀၀ကျပ်၊ ကြူကုတ်ဂုံျတစ်အိတ် ၁၆၅၀၀၀ကျပ်ဖြင့် ဂုံျစက်များဝယ်ယူမှုပုံမှန်ရှိနေသည်။ သြစတေးလျ ဂုံျမုန့်မှာ လက်လီသမားအဝယ်ပုံမှန်ရှိခြင်း အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၇၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ အစေ့ထုတ်ပြောင်းမှာ အသစ်များဝင်ခြင်း၊ အရည်အသွေးကောင်းခြင်း တိရစ္ဆာန်အစာစပ်သမားအဝယ်ပုံမှန် ရှိခြင်းကြောင့် ယခင်အပတ် ၈၅၀၀၀ကျပ်မှ ၈၆၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ **ခင်မေကြည်**

## ဆန်

ရန်ကုန်ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းအသစ်များ ဝင်ရောက်မှုရှိခြင်း၊ အဝေးတင်ပို့ရမှုနည်းပြီး မြို့တွင်းစားသုံးမှုသာရှိခြင်းတို့ကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၁၅၀၀၀ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၂၅၀၀၀ကျပ်သို့ မသိမသာ ဈေးနိမ့်သွားသည်။ မနော်သုခဆန်မှာမှာလည်း အသစ်များဝင်ရောက်မှုရှိခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် အသစ် ၇၆၀၀၀ကျပ်၊ အဟောင်း ၈၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ငစိန်ဆန်နှင့် ဧယာဆန်မှာ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဝင်ရောက်သောဆန်ဖြစ်ခြင်း၊ မြို့တွင်း လုပ်ငန်းသမားဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၇၅၀၀၀ကျပ်မှ ၇၆၀၀၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားပြီး ဧယာဆန်မှာ အသစ်အဝင်နည်းပြီး အဟောင်းများသာ ရောင်းဝယ်မှုရှိခြင်းကြောင့် တစ်အိတ် ၈၈၀၀၀ကျပ်မှ ၉၀၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ဧရာမင်းဆန် အသစ်ဝင်ရောက်မှု ရှိခြင်းကြောင့် အသစ် တစ်အိတ် ၁၂၀၀၀၀ကျပ်၊ အဟောင်းတစ်အိတ် ၁၃၅၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးပုံမှန်ရှိနေသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်)မှာ လယ်ဝေးနှင့် ပြည်မှ ဝင်ရောက်သော လုံးဆန်(သစ်) ၁၀၀ပိဿာ ၈၇၀၀၀၀ကျပ် မြင်းမူဆန် ၁၀၀ပိဿာ ၉၃၀၀၀၀ကျပ်ဖြင့် လုပ်ငန်းသမား၊ လှောင်သမားများ ဝယ်ယူမှုပုံမှန်ရှိပြီး မြေပဲ (ဆီဆန်)မှာ ရစ်ပဲ ၂၈၃၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်း ဆောင်းပဲများ အဝင်နည်းခြင်း၊ တရုတ်ဝယ်လက်နှင့် လှောင်သမား အဝယ်ရှိခြင်းတို့ကြောင့် အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်မှ ၂၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲစဉ်းငုံ(ဖြူ)မှာ အရောင်းအဝယ်အေးခြင်းကြောင့် ပေါက်ဈေးမတွက်နိုင်ဘဲ ယခင်အပတ်များ၏ ဈေးနှုန်းအတိုင်း တစ်အိတ်၂၈၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲစဉ်းငုံ(နီ)မှာ အသစ်များအဝင်များလာခြင်း ပဲခွဲစက်နှင့် ရန်ကုန်အဝယ်ပုံမှန်သာရှိခြင်းကြောင့် တစ်အိတ် ၂၈၇၀၀၀ ကျပ်မှ ၂၈၂၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ပဲပုတ်(မြန်မာ) မှာ ဆောင်းပဲအသစ်များ ဝင်ရောက်မှုရှိခြင်း လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၉၂၀၀၀ကျပ်မှ ၃၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲပုတ် (ရှမ်း)မှာ ဆီစက်သမားအဝယ်ပုံမှန်ရှိပြီး အသစ်ဝင်ချိန်နီး၍ လှောင်လက်ထုတ်ရောင်းမှုရှိခြင်းကြောင့် တစ်အိတ် ၃၃၀၀၀၀ ကျပ်မှ ၃၂၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကုလားပဲ အသစ်များဝင်ရောက်မှုရှိသော်လည်း လုပ်ငန်းသမား၊ ပဲကြော်/လှော်သမားများ ဝယ်ယူမှုရှိခြင်းကြောင့် ကုလားပဲ(လုံးဖြူကြီး) ၃တင်းတစ်အိတ် ၂၂၂၀၀၀ ကျပ်မှ ၂၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး (လုံးဝါကြီး)မှာလည်း ခွဲစက်သမားဝယ်ယူမှုရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃တင်းတစ်အိတ် ၂၁၀၀၀၀ကျပ်မှ ၂၁၈၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲယင်းနှင့် မြေထောက်ပဲမှာ အသစ်ဝင်ရောက်မှု နည်းခြင်း၊ လုပ်ငန်းသမား၊ ခွဲစက်သမားအဝယ်ရှိခြင်း၊ လှောင်လက်များဝယ်ယူမှုရှိခြင်းကြောင့် ပဲယင်း၃တင်း တစ်အိတ် ၁၈၅၀၀၀ကျပ်မှ ၁၉၅၀၀၀ကျပ်၊ မြေတောက်ပဲတစ်အိတ် ၂၉၀၀၀၀ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး စားတော်ပဲ(ကျွန်း)မှာ လက်လီသမားအဝယ်များခြင်းကြောင့် ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ် မှ ၃၃၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲကြီး(ကြီး)မှာ ဆောင်းပဲ အဝင်ပုံမှန် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲကြီး(သေး)မှာ လက်လီသမားအဝယ်များခြင်းကြောင့် ၃တင်း တစ်အိတ် ၂၁၀၀၀၀ကျပ်မှ ၂၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ထောပတ်ပဲ အသစ်ဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ အရောင်းအဝယ် အေးခြင်းကြောင့် တစ်အိတ် ၃၁၅၀၀၀ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ထောပတ်ပဲ(သေး)မှာ အသစ်များ အညာနှင့်ယော ဘက်မှ ဝင်ရောက်ပြီး အဝင်နည်းခြင်း၊ လက်လီသမားပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် တစ်အိတ် (အညာ) ၂၆၃၀၀၀ ကျပ်မှ ၂၆၅၀၀၀ကျပ်သို့ မသိမသာဈေးမြင့်သွားပြီး ယောထောပတ်ပဲမှာ ၂၈၅၀၀၀ ကျပ်ထိ ဈေးမြင့်နေသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၃-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




အသစ်များ ဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်သာရှိခြင်းကြောင့် ၁၀၀ပိဿာ ၈၄၀၀၀၀ကျပ်မှ ၈၂၀၀၀၀ကျပ် သို့ ဈေးမသိမသာနိမ့်သွားသည်။ နှမ်းဖြူမှာ လုပ်ငန်းသမား ရန်ကုန်သမားအဝယ်နည်းခြင်းကြောင့် အရောင်းအဝယ်အေးပြီး ၄၅ပိဿာ ၃၃၀၀၀၀ ကျပ်မှ ၃၂၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး နှမ်းညိုမှာ ဆီစက်သမား အဝယ်ပုံမှန်၊ အဝင်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၀၀၀၀၀ကျပ်၊ နှမ်းနက်မှာလည်း လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်နည်းခြင်းကြောင့် ၄၅ပိဿာ ၅၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းဝါနှင့် နှမ်းနီများလည်း ဝင်ရောက်မှုရှိပြီး နှမ်းဝါ ၄၅ပိဿာ ၃၁၀၀၀၀ကျပ်၊ နှမ်းနီ ၃၁၀၀၀၀ကျပ်ဖြင့် ဆီစက်သမား လှောင်သမားများ ပုံမှန်ဝယ်ယူနေသည်။ ပန်းနှမ်းနှင့် နေကြာမှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်း အရောင်းအဝယ်အေးခြင်းကြောင့် ပန်းနှမ်း ၄၅ပိဿာ ၂၃၅၀၀၀ကျပ်၊ နေကြာ ၂၇ပိဿာ အရည်အသွေးကောင်း ၁၆၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ နှမ်းဆီနှင့် ပဲဆီကိုသာ အများဆုံးရောင်းဝယ်နေပြီး ပဲဆီတစ်ပိဿာ အရည် အသွေးပေါ်မူတည်၍ တစ်ပိဿာ ၁၄၅၀၀ကျပ်မှ ၁၆၀၀၀ကျပ်၊ နှမ်းဆီ ၁၄၅၀၀ ကျပ်၊ ပဲပုတ်ဆီ ၈၀၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက် နယ်စုံအဝင်နည်းသွားခြင်း၊ မြို့တွင်းနှင့် မန္တလေး ဝန်းကျင်မှာ အဝင်ပုံမှန်ရှိခြင်းကြောင့် ငရုတ်ခြောက်(ရှည်) တစ်ပိဿာ ၁၂၀၀၀ကျပ်၊ ငရုတ်ခြောက် (လတ်)မှာ စစ်ကိုင်းသီးလက်ကျန်များသာရှိခြင်းကြောင့် တစ်ပိဿာ ၉၀၀၀ကျပ်၊ ငရုတ်ခြောက်(ပွ)မှာလည်း ဆင်ဖြူကျွန်း(ပွ)များဖြစ်၍ တစ်ပိဿာ ၁၆၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ မြစ်သားကြက်သွန်များ အများဆုံးတွေ့ရပြီး အဝင်နည်းသွားခြင်းကြောင့် ကြီးတစ်ပိဿာ ၃၀၀၀ကျပ်မှ ၃၁၀၀ကျပ်၊ လတ်တစ်ပိဿာ ၂၈၀၀ကျပ်မှ ၂၉၀၀ကျပ်၊ သေးတစ်ပိဿာ ၂၀၀၀ကျပ်မှ ၂၂၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်နီ မြစ်သား မှန်သော်လည်း မျိုးမှားကြက်သွန်မှာ တစ်ပိဿာ ၂၅၀၀ကျပ်၊ ရွှေဘိုကြက်သွန် ၂၃၀၀ကျပ်ဖြင့် မြို့တွင်းသုံးနှင့် အမှာရှိသောမြို့များသို့ တင်ပို့သည်။ ကြက်သွန်ဖြူ(တရုတ်)မှာ ယခုအပတ်အဝင်အနည်းငယ်ရှိခြင်းကြောင့် တစ်ပိဿာ ၁၃၀၀၀ကျပ်၊ ကြက်သွန်ဖြူ(မြန်မာ) မှာ အရည်အသွေးပေါ်မူတည်၍ အညံ့ဆုံးတစ်ပိဿာ ၇၀၀၀ကျပ်မှ အကောင်းဆုံး တစ်ပိဿာ ၁၂၀၀၀ကျပ်ထိ ဈေးမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ယခုအပတ် ပခုက္ကူအာလူး တစ်မျိုးထဲသာ တွေ့ရပြီး အောင်ပန်းအာလူး အဝင်မရှိသဖြင့် တစ်ပိဿာ ၃၅၀၀မှ ၄၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံ

မတ်ပဲအဝင်ပုံမှန်ရှိခြင်း၊ ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်များဝယ်ယူမှုပုံမှန်ရှိခြင်းတို့ကြောင့် အညာပဲ ၃တင်းတစ်အိတ် ၂၇၅၀၀၀ကျပ်၊ ကျောက်

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

မုံရွာ၊ ချောင်းဦးနှင့်အနီး ဝန်းကျင်မှ ငရုတ်စို(ရှည်)နှင့် လတ် တို့ဝင်ရောက်မှုများလာခြင်း နယ်ဝေးတင်ပို့မှုမရှိခြင်း မြို့တွင်းလုပ်ငန်းသမားအဝယ်သာရှိခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၂၅၀၀ကျပ်၊ ငရုတ်စို(လတ်) ၃၅၀၀ကျပ်၊ ကုလားအော်သီး တစ်ပိဿာ ၇၀၀၀ ကျပ်ဈေးရှိသည်။ ခရမ်းချဉ်မှာ အင်းသီး ၂၀ ပိဿာ တစ်သေတ္တာ ၂၀၀၀၀ကျပ် တရုတ်(တိုင်ပေ) တစ်ပိဿာ ၈၀၀ ကျပ်ဖြင့် နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းစားသုံးမှုသာ ရှိသည်။ အောင်ပန်းမှ ပန်းမုံလာတစ်ပွင့် ၁၀၀၀ ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၁၂၀၀ ကျပ်၊ ဘိုစားပဲ တစ်ပိဿာ ၃၀၀၀ကျပ်ဖြင့် စားသောက်ဆိုင်များ ဝယ်ယူမှု ပုံမှန်ရှိသည်။ ချောင်းဦး မြင်းမူ ကျောက်ဆည်တို့မှ ဖရဲသီး ၆ ပိဿာ အလေးချိန်ရှိ တစ်လုံး ၆၀၀၀ကျပ်၊ ဝူခုန်းသခွားမွှေး တစ်လုံး ၃၀၀၀ကျပ်မှ ၄၀၀၀ကျပ် ရွှေသခွားတစ်လုံး ၁၈၀၀ကျပ်၊ သဘော်သီး ၂ လုံးတွဲတစ်ထုပ် ၃၀၀၀ကျပ်ဖြင့် မြဝတီ၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ ဖားအံ၊ မုံရွာစသည့်အမှာရှိသော မြို့များသို့ တင်ပို့သည်။ ပန်းသီး(အကြွပ်)ယိုးဒယားသီး ၁၀၀ လုံးပါ တစ်ဖာလျှင် ၁၁၅၀၀၀ ကျပ်၊ ပန်းသစ်တော့ ၄၈ လုံး ပါတစ်ခြင်း ၉၅၀၀၀ကျပ် ရမည်းသင်း စပျစ်သီး တစ်ပိဿာ ၁၁၀၀၀ကျပ်၊ ပျားလိမ္မော် ၁၀ ပိဿာ တစ်ခြင်း ၁၅၀၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံး သစ်သီး ဆိုင်များနှင့် အမှာရှိသော မြို့များသို့ တင်ပို့သည်။


## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ဂျုံအသစ်များ ဝင်ရောက်မှုရှိခြင်း လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်း အသစ်အဝင်နည်းခြင်းကြောင့် ငါးနှံဖွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊

စာ-၁၂ သို့

## သဘာဝကပေးအစာနှင့်ဆေး

# ပိတ်ချင်း



ကြေးမုံငယ်

ပိတ်ချင်းပင်ကို တောကွမ်းရွက်ပင်ဟုလည်း ခေါ်ဆိုကြပြီး ယင်း၏အင်္ဂလိပ်အမည်မှာ Indian Long pepper ဟု ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Piper longum L. ဟု ခေါ်ဆိုပြီး ငရုတ်ကောင်းမျိုးရင်းဝင် Piperaceae တွင်ပါဝင်၏။ ပိတ်ချင်းပင် မူလဖြစ်ထွန်းရာဒေသမှာ အင်ဒိုမလေးရှားဒေသရှိ အပူပိုင်းနှင့် သမနွေးပိုင်းရာသီဥတုရှိသည့် နေရာများတွင် သဘာဝအတိုင်း စတင်ဖြစ်ထွန်းပေါက်ရောက်ခြင်းဖြစ်၏။ ယင်းသည် အိန္ဒိယရှိ Khasi တောင်များ၊ West Bengal ၏အောက်ပိုင်းတောင်ကုန်းများနှင့် Western Ghats ၏အမြဲစိမ်းတောများအပါအဝင် အိန္ဒိယနိုင်ငံ၏ အပူပိုင်း မိုးသစ်တောများတွင် အလေ့ကျပေါက်ရောက်၏။ နောက်ပိုင်းတွင် ပိတ်ချင်းပင်ကို သီရိလင်္ကာ၊ မလေးရှား၊ နီပေါ၊ စင်္ကာပူနှင့် အခြားတောင်အာရှ နိုင်ငံများတွင်လည်း စိုက်ပျိုးဖြစ်ထွန်း လာခဲ့၏။ မြန်မာနိုင်ငံတွင်လည်း ပိတ်ချင်းပင်ကို နိုင်ငံ၏နေရာအနှံ့အပြား အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း တောင်ပေါ်ဒေသရှိ သစ်ပင်ကြီးများ၏ အရိပ်အာဝါသအောက်၌လည်းကောင်း၊ အေးမြစိုစွတ်သော ရာသီဥတုရှိသည့်ဒေသများတွင်လည်းကောင်း သဘာဝအလျောက် ပေါက်ရောက်လေ့ရှိ၏။

ပိတ်ချင်းပင်သည် နှစ်ရှည်ခံပင်ပျော့အမျိုးအစားဖြစ်ပြီး အမြဲစိမ်းနွယ်ပင်မျိုးဖြစ်၏။ အဖိုပင် အမပင်ရှိသော်လည်းပင်စည်လုံးတွင်အဆစ်များရှိကာ အကိုင်းအခက်များ သေးငယ်ပြီး ထောင်မတ်နေ၏။ အရွက်မှာ ကွမ်းရွက်နှင့်တူပြီး ရွက်လွှဲထွက်၏။ နှလုံးပုံသဏ္ဌာန်ရှိ၍ အဖျားချွန်ကာ ရွက်ပြားချော၏။ ရွက်နားညီ၏။ ထင်ရှားသော ရွက်ကြော ခုနစ်ခု ရှိပြီး ရွက်ကြောများ ရွက်ညှာရင်းမှ ဖြာထွက်၏။ ရွက်ညှာရှည်၏။ ပန်းခိုင်တွင် သေးငယ်သည့် အနီရောင်အပွင့်လေးများ ပါရှိ၏။ ပွင့်ညှာမဲ့၏။ အဖိုအမ သီးသန့်စီရှိပြီး အမ ပန်းခိုင်သည် အဖိုပန်းခိုင်ထက် ပို၍ သေးငယ်၏။ တပို့တွဲ၊ တပေါင်းလတွင် ပွင့်သည်။ အသီးမှာ သေးငယ်ပြီး အတောင့်လေးအဖြစ်သီး၏။ မှည့်သောအခါအနီရောင်ရှိ၏။ အစေ့မှာ အနည်းငယ် လုံးဝိုင်း၏။ ကဆုန်၊ နယုန်လတွင် အသီးရင့်မှည့်၏။



ပိတ်ချင်းပင်တွင် ကာဘိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီနှင့် ကယ်လ်စီယမ်၊ ဖော့စ်ဖရပ်စ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ အိုင်းယွန်း၊ ကော့ပါး၊ ဆီလီနီယမ်တို့ ကြွယ်ဝစွာပါဝင်သကဲ့သို့ ဗီတာမင်များဖြစ်သည့် ဘီဝမ်း၊ ဘီတူး၊ ဘီသရီး၊ ဘီဖိုက်၊ ဘီစစ်၊ ဘီဆဲဗင်းနှင့် ဘီနိုင်း၊ ဗီတာမင် ဒီတူး၊ ဗီတာမင်ကေဝမ်း၊ ဖိုလိပ်၊ ကယ်ရိုတီနွိုက်၊ အယ်လ်ကာလွိုက်၊ ဖလေဗာနွိုက်တို့အပါအဝင် ကျန်းမာခြင်းကို အထောက်အကူပြုပေးနိုင်သည့် bioactive compounds များစွာပါဝင်၏။

ပိတ်ချင်းပင်၏ အသီးနှင့် အမြစ်ကို အာယုဗေဒဆေးပညာရပ်တွင် ဆေးဝါးအဖြစ် အသုံးပြုသကဲ့သို့ အစာအာဟာရ ပြင်ဆင်ချက်ပြုတ်သူများအတွက် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြ၏။ အာယုဗေဒဆေးပညာရပ်အရ ပိတ်ချင်းပင်သည် အသက်ရှူလမ်းကြောင်းကျန်းမာခြင်းကို အထောက်အကူပြုခြင်း၊ အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေခြင်း၊ ဇီဝကမ္မဖြစ်စဉ်ကို အားကောင်းစေခြင်း၊ အအေးမိနှာစေး၊ ချောင်းဆိုး၊ ရင်ကြပ်ခြင်းကို သက်သာ စေခြင်း၊ အာဟာရဓာတ်များကို စုပ်ယူနိုင်စွမ်းပိုမိုအားကောင်းစေခြင်းနှင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေခြင်းတို့အတွက် အသုံးပြုကြ၏။ ပိတ်ချင်းသီးနှင့် အမြစ်တွင် ပါဝင်သည့်ဓာတုပစ္စည်းများသည် ကိုယ်ခန္ဓာအတွင်းရှိ ကပ်ပါးကောင်များကို တိုက်ဖျက်နိုင်စွမ်းနှင့် ကိုယ်လက်ဖောရောင်ခြင်းကို သက်သာစေနိုင်စွမ်းရှိသည့်အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

အာယုဗေဒဆေးပညာရပ်အရ ပိတ်ချင်းသီးကို အခြောက်ခံပြီး အမှုန့်ပြုလုပ်ကာ ရေနွေး၊ ပျားရည်၊ အခြောက်ခံထားသော ချင်းနှင့် အခြားသော ဆေးဖက်ဝင်ပရဆေးပင်များနှင့်တွဲဖက်ပြီး ဆေးဝါးဖော်စပ် အသုံးပြုကြ၏။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၏ အရင်းအမြစ်ကောင်းဖြစ်သည့် ပိတ်ချင်းကို ရိုးရာတိုင်းရင်းဆေးပညာရပ်များအရ အောက်ဖော်ပြပါ ရောဂါများအတွက် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် အသုံးပြုကြ၏။

- အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်သည့် ပန်းနာရင်ကြပ်၊ လေပွန်ရောင်ခြင်း၊ လည်ချောင်း နာခြင်း၊ ချောင်းဆိုးခြင်း၊ သွားနှင့်ခံတွင်းကို ကျန်းမာစေခြင်းအပါအဝင် အဆုတ်ရောဂါများအတွက် လည်းကောင်း၊
- အစာခြေစနစ်နှင့် ပတ်သက်သည့် အစာမကြေခြင်း၊ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်းနှင့် အစာအိမ်အောင့်ခြင်း၊ လေနာခြင်း၊ အစာစားလိုစိတ်မရှိခြင်းဝေဒနာတို့အတွက် လည်းကောင်း၊
- သန္ဓေအောင်နှုန်းကို မြင့်စေခြင်း၊ ကာမအားတိုးစေခြင်း၊ အမျိုးသမီးများ လစဉ်ဓမ္မတာချိန်ခါ ခံစားရတတ်သည့် ကိုက်ခဲနာကျင်ခြင်းမှ သက်သာစေခြင်းတို့အတွက်လည်း ကောင်း၊
- အဆစ်အမြစ်ရောင်ရမ်းနာကျင်ခြင်း၊ ကြွက်သားနာကျင်ခြင်း၊ နှလုံးနှင့်ပတ်သက်သည့်ရောဂါများ ခံစားရခြင်း၊ အအေးမိနှာစေး ချောင်းဆိုးခြင်း၊ နှာတာရှည်ဖျားနာခြင်း၊ အရေပြားရောဂါများခံစားရခြင်း၊ စိတ်ဖိစီးခြင်းတို့မှ သက်သာစေရန်အတွက် လည်းကောင်း၊
- ပိတ်ချင်းတွင်ပါဝင်သည့် ပိုက်ပါရင်းဓာတ် (piperine) ကြောင့် ကပ်ပါးကောင်များကို သေစေနိုင်ခြင်းနှင့် ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို သက်သာစေနိုင်ရန်အတွက် လည်းကောင်း ပိတ်ချင်းကို ဆေးဝါးအဖြစ် နည်းလမ်းမျိုးစုံအသုံးပြုကြသည် ဆို၏။

မြန်မာ့တိုင်းရင်းဆေးအလိုအရ အရှင်နာဂသိမ်ဆေးကျမ်းတွင် ဖော်ပြထားသည်မှာ ပိတ်ချင်းတွင် ပိတ်ချင်းငယ်၊ ပိတ်ချင်းမွှေး၊ ပိတ်ချင်းကြီးဟူပြီး အမျိုးအစား သုံးမျိုးရှိသည်ဟု ဆို၏။ ပိတ်ချင်းပင်၏ အရွက်၊ အသီးနှင့် အမြစ်ကို ဆေးအဖြစ် အသုံးပြုကြ၏။ စပ်၏၊ ပူ၏၊ ချို၏၊ ဝမ်းမီးကို တောက်စေ၏၊ ကြေချက်စေ၏၊ သုတ်ကိုပွားစေ၏၊ ပြေပြစ်စေ၏၊ ဝမ်းသက်စေ၏၊ အသက်ရှည်စေ၏၊ လေသလိပ်ကို နိုင်စေ၏၊ ပန်းနာ၊ ချောင်းဆိုး၊ ဝမ်းဗိုက်နာ၊ အဖျား၊ နူနာ၊ ဂူလုံး၊ မြင်းသရိုက်၊ အဖျဉ်းထိုးအောင့်၊ အစာမကြေ လေပြုရောဂါများကို ပျောက်ကင်းစေနိုင်၏။ အသီးစိမ်းကား ချို၏၊ အေး၏၊ ပြေပြစ်၏၊ ကြေခဲ၏၊ သလိပ်ကိုဖြစ်စေ၏၊ သည်းခြေကို ငြိမ်းစေ၏၊ အသီးခြောက်ကား သည်းခြေကို ဖောက်ပြန်စေ၏၊ အမြစ်သည် စပ်၏၊ ပူ၏၊ မြိန်စေ၏၊ ကြေလွယ်၏၊ ကြေစေ၏၊ ဝမ်းမီးတောက်စေ၏၊ သလိပ်လေကို ငြိမ်းစေ၏ဟု ဖော်ပြထား၏။

ပိတ်ချင်းကို များသောအားဖြင့် စားဖိုဆောင်ဟင်းခတ်အမွှေးအကြိုင်တစ်ဖြစ်လဲ ဆေးဖက်ဝင်ပရဆေးအဖြစ် အသုံးပြုကြသည့်အတွက် အလွယ်တကူ ဝယ်ယူရရှိနိုင်၏။



- ပိတ်ချင်းသည် ငရုတ်ကောင်းကဲ့သို့ မွှေးရနံ့ရှိပြီး ပူသည့်အရသာပိုကဲသည့်အတွက် အသီးခြောက်ကို အမှုန့်ပြုလုပ်ပြီး ဟင်းလျာများ အနံ့အရသာပိုမိုကောင်းမွန်စေရန်အတွက် ထည့်သွင်းအသုံးပြုလေ့ရှိကြ၏။
- အခြောက်ခံထားသော ပိတ်ချင်းသီးတောင့်များကို နှစ်သက်ရာ အသား/ငါး / ပင်လယ်စာများနှင့် အတူ ဟင်းခတ်အမွှေးအကြိုင်အဖြစ် ထည့်သွင်းချက်ပြုတ်စားသုံးတတ်ကြ၏။ ပိတ်ချင်းသီးလေးများကို ဝါးလိုက်မိတိုင်း ရရှိလာသည့် မွှေးရနံ့နှင့်အတူ

စာ-၉ သို့



ကျောဖုံးမှ-

MSME ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မတ်လအထိ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၌ ၂၉-၅-၂၀၂၃ မှ ၃၁-၅-၂၀၂၃ ရက်နေ့အထိ ၁ ကြိမ်၊ ၁၉-၆-၂၀၂၃ မှ ၂၀-၆-၂၀၂၃ ရက်နေ့အထိ စုစုပေါင်း ၂ ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ချင်းပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကော်ဖီစိုက်ဧက ၇၀၇ ဧက ရှိပြီး ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက် ရေး ဆော င် ရွ က် ရာ ၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချင်း ပြည်နယ် မင်းတပ်ကော်ဖီအစုအဖွဲ့၊ နောင်ချိုမြို့နယ်ကော်ဖီအစုအဖွဲ့၊ ရှာငံမြို့နယ်ကော်ဖီ အစု အဖွဲ့၊ ဟိုပုန်းမြို့နယ်ကော်ဖီအစုအဖွဲ့ အစရှိသဖြင့် ဒေသအလိုက် အစုအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲသည် ၂၀၂၃ ခုနှစ်၊ဒီဇင်ဘာ ၉ ရက်နေ့က မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုး မှုဆိုင်ရာများနှင့်ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်တွင် "ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကိုအထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုး တက်ရေး မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင် ဒေသမှ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံ၍ အားပေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သောကြောင့် ကော်ဖီလုပ်ငန်းသည် အထိုက်အလျောက်တိုးတက်မှုများဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား ကော်ဖီ မြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်သည့်ကော်ဖီများကို ပြည်တွင်း၊ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်သွားမှသာလျှင် နောင်လာမည့် ၅ နှစ်မှ ၇ နှစ်အတွင်း ကော်ဖီထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း" လမ်းညွှန်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၌ Instant Coffee သောက်သုံးမှု၊ ကော်ဖီမစ် သောက်သုံးမှု၊ 2 Plus 1 Ready Coffee သောက်သုံးမှု ပိုမိုတိုးတက်လာသဖြင့် Instant Coffee သွင်းကုန်လျော့ချနိုင်ရန်အတွက် ပြည်တွင်းထုတ် Pure Coffee ကို အသုံးပြုထုတ်လုပ်သော 2 Plus 1 Ready Coffee ထုတ်လုပ် နေသော အသေးစား အိ မ် တွ င်း မှု လု ပ် င န်း များ ကို အားပေးကူညီရန်အတွက် အသေးစားအိမ်တွင်းမှု လုပ်ငန်းရှင်များဌာနသို့ အကူအညီတောင်းခံလာပါက သက်ဆိုင်ရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အရည်အသွေးကောင်းကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကော်ဖီအဓိက စိုက်ပျိုးသော တိုင်းဒေသကြီး/ ပြည်နယ် ၉ ခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ် မက်မန်း ဒေသအပါအဝင် နမူနာပျိုးခင်းများတည်ထောင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဇန်နဝါရီ လကုန်အထိ မျိုးစေ့ကီလိုပေါင်း ၁၀၉၈ ကီလိုအား အခမဲ့ဖြန့်ဝေပြီးဖြစ်ပါသည်။

ကုန်ကြမ်းကော်ဖီစေ့များကို အရည်အသွေးမြှင့်တင်စေပြီး အရည်အသွေးကောင်း၊ အရွယ်အစားအဆင့်မီသော ကော်ဖီစေ့များကို နိုင်ငံခြားပို့ကုန်အဖြစ် ဈေးကောင်းကောင်းဖြင့် တင်ပို့ ရောင်းချနိုင်စေရန် အရည်အသွေးမြင့်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲမှု နည်းပညာပေးသင်တန်းပေးခြင်းနှင့် ကော်ဖီသီးမှည့် ဆွတ်ခူးရာတွင် အရည်အသွေးကောင်း ကော်ဖီသီးများရရှိစေရန် ကော်ဖီသီးမှည့် အစိုခံတတ်တိုင်းကိရိယာအား မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအထောက်အပံ့ဖြင့် ကော်ဖီအဓိကစိုက်ပျိုးသော ကချင်/ ကရင်/ ချင်း/ ရှမ်းပြည်နယ်နှင့် မန္တလေး/ မကွေး/ နေပြည်တော် တိုင်းဒေသကြီးရှိ ကော်ဖီစိုက်တောင်သူများအား အခမဲ့ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ ပါသည်။ အခြေခံမှစ၍ မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆော င် ရွ က် ခြ င်း ပ င် ဖြ စ် သ ည် ။ ကော်ဖီထုတ်ကုန်များထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ပြီး ထုပ်ပိုးမှု ကောင်းမွန်မှသာလျှင် ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် နည်းပညာနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာစေရေးတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ အလုံအလောက်ရရှိစေရေးအတွက် ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကော်ဖီအလှော်သင်တန်းများ ဖွင့်လှစ်ခြင်း၊ ကော်ဖီအဖျော်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကော်ဖီအရည်အသွေး အကဲဖြတ်အမှတ်ပေးခြင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းကို သက်ဆိုင်ရာဦးစီးဌာန၊ သက်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော MCA, MCG အစရှိသော အဖွဲ့အစည်းများ၊ ကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်းဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေများလည်း ပို မို တိုး တ က် လာ နိုင် မ ည် ဖြ စ် ပါကြောင်း တင်ပြလိုက်ရပါသည်။

**သူရိန်နိုင် (ကော်ဖီ-ရာသီ)**




စာ-၂ မှ

ဈေးကွက်အတွင်း ဖြန့်ဖြူး ရောင်းချနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မွေးမြူရေးတိရစ္ဆာန် အစာဖူလုံမှုရှိစေရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆိုင်ရာများကို အကြံပြုဆွေးနွေး မှာကြားသည်။

ဒု တိ ယ ဝ န် ကြီး သ ည် မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်၊ ညောင်တုန်းအိုင်ကျေးရွာ အုပ်စု ရေအေးနည်းပညာပြန့်ပွားရေးစင်တာတွင် စိုက်ပျိုးရေးပညာရှင်များ ဒေသခံ တောင်သူများအားတွေ့ဆုံ၍ စိုက်ပျိုးနည်းပညာပေးခြင်းလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊ ဆင်သေ ရေလှောင်တမံ ဆည်ရေသောက် စနစ်အတွင်း နွေစပါးနှင့် နွေအခြားသီးနှံများ စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်ရေး ၊ သဘာဝမြေသြဇာ သုံးစွဲနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆိုင်ရာများကိုဆွေးနွေးမှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**



www.agribiznews.com.mm နှင့် ePaper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ

# နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ကော်ဖီအခြေခံစက်မှုလုပ်ငန်းများအားပေးစို့

သူရိန်နိုင်(ကော်ဖီ-ရာသီ)



ရှမ်းပြည်နယ်ရွာငံဒေသထွက်အခြေခံ MSME ထုတ်ကုန်များ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးရေး အခြေခံသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးလျက်ရှိပါသည်။ ထိုသို့ လုပ်ကိုင်ကြရာတွင် မိမိဒေသရှိ ရေ၊ မြေ၊ ရာသီဥတုကိုလိုက်၍ သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ ရှမ်းကုန်းပြင်မြင့်ဒေသသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန်အတွက် အထူးသင့်တော်သော ရေ၊ မြေ၊ ရာသီဥတုများရှိသည့်အတွက် ကော်ဖီကိုစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် ကော်ဖီများ၏ အရည်အသွေးသည်လည်း အထူးကောင်းမွန်ကြောင်း ကော်ဖီအရည်အသွေး စမ်းသပ်စစ်ဆေးမှု ရလဒ်အဖြေများအရ သိရှိရပါသည်။

ဗဟုသုတအနေဖြင့် မြန်မာနိုင်ငံတွင် အာရေးဗီးကားကော်ဖီနှင့် ရိုဘတ်စတာကော်ဖီဟူ၍ ကော်ဖီအမျိုးအစားနှစ်မျိုးကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ အာရေးဗီးကား (Arabica) ကုန်းမြင့်ကော်ဖီမျိုးများကို ပေ ၂၅၀၀ အထက် တောင်ပေါ်ဒေသများနှင့် ရိုဘက်စတာ (Robusta) မြေနိမ့်ကော်ဖီမျိုးများကို ပေ ၂၅၀၀ အောက်နိမ့်သော ဒေသများတွင် ရွေးချယ်၍ စီးပွားဖြစ် စိုက်ပျိုးနိုင်ပါသည်။ အာရေးဗီးကားကော်ဖီကို ကချင်ပြည်နယ်၌ ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေးတိုင်းဒေသကြီး၌ မိုးကုတ်၊ ပြင်ဦးလွင်၊ ရှမ်းပြည်နယ်၌ ကျိုင်းတုံ၊ တာချီလိတ်၊ နောင်ချို၊ ရပ်စောက် ၊ ရွာငံ၊ ဟိုပုံး၊ ပင်းတယ၊ ပင်လောင်းနှင့် ကယားပြည်နယ်၌ လွိုင်ကော်၊ ဒီမော့ဆို စသည့်ဒေသများတွင် စိုက်ပျိုးကြပါသည်။ ရိုဘက်စတာကော်ဖီကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် လိုင်သို၊ သံတောင်ကြီးဒေသ တို့တွင်အများဆုံးစိုက်ပျိုးကြပါသည်။

ကော်ဖီစိုက်ပျိုးရန် စိုက်ခင်းမြေနေရာရွေးချယ်ရာတွင် မြေမျက်နှာပြင်ပြန့်ပြူးသော မြေနေရာ (သို့) ဆင်ခြေလျှောပြေသော ကုန်းစောင်းမြေနေရာတို့ကို အဓိကထား၍ ရွေးချယ်သင့်သည်။ အနည်းငယ်မတ်စောက်သော တောင်စောင်းများကို ရွေးချယ်စိုက်ပျိုးရမည်ဆိုပါကကွန်တိုစနစ် / လှေကားထစ်စိုက်ပျိုးနည်းစနစ်များ ပြုလုပ်၍စိုက်ပျိုးသင့်ပါသည်။ ဆီးနှင်းအကျများသော တောင်ပေါ်ဒေသများ၌ ဆီးနှင်းခါးကျရောက်မှုနည်းသည့် တောင်စောင်းဆင်ခြေလျှော အပေါ်ပိုင်းတွင် ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ကော်ဖီပင်စိုက်ပျိုးရန် ပင်ကြား x တန်းကြား အကွာအဝေးအား ကော်ဖီစိုက်တောင်သူများ ဗဟုသုတရစေရန်အလို့ငှာ ဖော်ပြလိုပါသည်။ အများအားဖြင့် အာရေးဗီးကားကော်ဖီ (ကုန်းမြင့်ကော်ဖီ) အတွက် ပင်ကြားx တန်းကြား (၄' x ၈')ဖြင့် တစ်ဧကေဝင်ဆန့် (ပင်) ၁၃၆၀ ပင်နှင့် ရိုဘတ်စတာကော်ဖီ (မြေနိမ့်ကော်ဖီ)အတွက် ပင်ကြားx တန်းကြား (၁၀'x၁၀') တစ်ဧကေဝင်ဆန့် (ပင်) ၄၃၅ပင် စိုက်ပျိုးနိုင်ပါသည်။ ပင်ကြားx တန်းကြားအကွာအဝေးအား ကော်ဖီမျိုးအလိုက်လည်းကောင်း၊ စိုက်နည်းစနစ်အရလည်း ကောင်း၊ မြေမျက်နှာသွင်ပြင်အပေါ်မူတည်၍လည်းကောင်း အနည်းငယ်ပြောင်းလဲသတ်မှတ်နိုင်ပါသည်။ ကော်ဖီစိုက်ပျိုးရန်ကျင်းကို(၁ ဒသမ ၅ x ၁ ဒသမ ၅ x ၁ ဒသမ ၅)ပေဖြင့်စိုက်ပျိုးနိုင်ပြီး စိုက်ခါနီး ၂ ပတ် ၃ ပတ်အလိုတွင် နွားချေး ၁ ပြည်၊ တီစူပါဟင်းစားဇွန်း ၂ ဇွန်းနှင့် အပေါ်ယံမြေသားများကို သမအောင် ရောမွှေ၍ကျင်းဖုံးပေးရမည်။ ကော်ဖီပင်မြေချစိုက်ပျိုးခြင်းကိုပုံမှန်အားဖြင့် မိုးစတင် ရွာသွန်းချိန်တွင် စတင်ဆောင်ရွက်နိုင်သော်လည်း ရေပေးသွင်းနိုင်ပါကနွေရာသီ၌ပင် ရေသွင်းစိုက်ပျိုးနိုင်သည်။ ကော်ဖီပင်မြေချစိုက်ပျိုးရာတွင် ပျိုးအိတ်မြေလုံးမကွဲရန် ဂရုပြုစိုက်ပျိုးရပြီး ရေသောက်မြစ်ဖြောင့်တန်းစေရန်အတွက် ပျိုးအိတ်အောက်ခြေမြေကြီးနှင့်ကပ်၍ ခေါက်နေသော အမြစ်ကိုဖြတ်ပေးရန်အထူးသတိပြုရမည်။

နှစ်ရှည်ပင်ဖြစ်သောကော်ဖီသည် တစ်ခါစိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းပါက နှစ်ရှည်ဝင်ငွေ ရရှိမည့် သီးနှံပင်ဖြစ်ပါသည်။ သုံးနှစ်သားမှစတင်၍ ဖူးပွင့်ပြီး အသီးသီးကာ ငါးနှစ်သားအထက်တွင် စတင်၍ အသီးအထွက်နှုန်းများ ကောင်းမွန်ပြီး ဝင်ငွေတိုးတက်ရရှိစေပါသည်။ စီးပွားဖြစ် သက်တမ်းအားဖြင့် အနှစ် ၂၀ ဝန်းကျင်ခန့် အသီးသီးနိုင်သည်။ ကော်ဖီသီး ရင့်မှည့်ရာတွင် အစိမ်းရောင်မှအနီရောင်၊ အစိမ်းရောင်မှ လိမ္မော်ရောင် သို့မဟုတ် အစိမ်းရောင်မှ အဝါရောင် ပြောင်းလဲကြသည်။ ကော်ဖီသီးရင့်မှည့်ချိန်ရောက်လျှင် ကော်ဖီသီးမှည့်များကိုသာ အကြိမ်ကြိမ် ရွေးချယ်ခူးဆွတ်ရပါသည်။ အထူးတန်းဝင်ကော်ဖီဆံရရှိရန်အတွက် ကော်ဖီကြိတ်ခွဲထုတ်လုပ် ခြင်း လုပ်ငန်းစဉ်များကို အစိုနည်း (Wet processing) သို့မဟုတ် အခြောက်နည်း (Dry Processing) ဟူ၍ နည်းလမ်း ၂ မျိုးဖြင့် ထုတ်လုပ်ကြပါသည်။ ကော်ဖီဆံအခြောက်လှမ်းခြင်း၊ ကော်ဖီဆံများ စနစ်တကျသိုလှောင်ခြင်းနှင့် ကော်ဖီဆံစိမ်းအရောင်းအစေ့ထုတ်ခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့် ပြုလုပ်ကြပါသည်။

ထိုသို့ အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများကို ရရှိနိုင်သည့်အတွက် ထို ကုန်ကြမ်းပစ္စည်းများနှင့်ဆက်စပ်၍ တစ်နိုင်တစ်ပိုင် ကော်ဖီအခြေခံသော MSME လုပ်ငန်းများလည်း ထွန်းကားလာခဲ့ပါသည်။ ကော်ဖီအခြေခံ MSME လုပ်ငန်းများတွင် ကော်ဖီလှော်ခြင်းလုပ်ငန်း၊ ကော်ဖီမှုန့်ထုတ်လုပ်သည့်လုပ်ငန်း၊ အသင့်သောက်ကော်ဖီ 2 Plus 1 Ready Coffee ထုတ်လုပ်သည့်လုပ်ငန်း၊ ကော်ဖီအခြေခံသည့် အဖျော်ယမကာဆိုင်များ အစရှိသဖြင့် ကော်ဖီအခြေခံသည့် ဆက်စပ်လုပ်ငန်းများလည်း ပိုမိုကျယ်ပြန့်လာပြီး တစ်ဦးချင်းဝင်ငွေများလည်း ပိုမိုတိုးတက်ရရှိ လာခဲ့ကြပါသည်။ အဆိုပါ ကော်ဖီအခြေခံ MSME လုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် နိုင်စေရန်အတွက် မိမိတို့ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးသင်တန်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖွင့်လှစ်ပြီး နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေပါသည်။ ထိုနည်းတူစွာ ၎င်း MSME လုပ်ငန်းများ တရားဝင်မှုဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။

စာ-၁၅ သို့




မကွေးတိုင်းဒေသကြီး၊ငဖဲမြို့နယ်၊နတ်ရေကန်ဒေသထွက်
ကော်ဖီအခြေခံ MSME ထုတ်ကုန်များကိုတွေ့ရစဉ်